



# အောင်လင်း

## ငယ်ကျွမ်းဆွေ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com



# အောင်လင်း

## ငယ်ကျွမ်းဆွေ

ISBN 9789997118660

9 789997 118660

2,700.00KS

mgyoe.com

ငယ်ကျွမ်းဆွေ၊ အောင်လင်း
မျက်နှာဖုံးပန်းချီ- တော်တီဆွေ
စာမျက်နှာ ၁၇၈ ++ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
ရုပ်ရှင်ပဒေသာတိုက်ထုတ် ပထမအကြိမ်မူ

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



အတူး၏ ငယ်ကျွမ်းဆွေ ကံဆိုးမကလေး (အသက်)

mgyoe.com

mgyoe.com





အချစ်ကဲမွှဲရှာသူ လူပျိုကြီး
(ကိုခင်မောင်)



သဘောထားကြီးသူ
ချစ်ကရုဏာရှင် (ဌေးဌေး)

mgyoe.com

mgyoe.com





ကျောင်းသားအရွယ်မျှသာရှိသေးသော အတူးနှင့် အသက်တို့မှာ သူငယ်ချင်း လူရှုပ် စန်းရီ၏ နည်းပေးသွေးဆောင်မှုကြောင့် အချစ်စိတ်ဝင်ကာ သံယောဇဉ်ကြိုးမှာ တစ်နေ့တခြားတိုး၍ ခိုင်မာမြဲမြံလာကြစဉ် ...

mgyoe.com

mgyoe.com





အတူး၏ ဖခင် ဝန်ထောက်ဦးလှဖေသည် ရန်ကုန်သို့ပြောင်းခါနီးတွင် လူငယ်ချင်း ကွဲရမည့်အရေးကြောင့် အတူးနှင့်အသက်တို့ တိတ်တဆိတ် ထွက်ပြေးရန် ကြံစည်ရာ၊ လူကြီးများမိသွား၍ အရွယ်ရောက်လျှင် ပေးစားမည့်အကြောင်းနှင့်...

mgyoe.com

mgyoe.com





အသက်၏ဖခင် ဦးကြယ်နီထံမှ စာအရ ဦးလှဖေသည် အတူး၏
အိမ်ထောင်ရေးအတွက် သူ၏ ဒုတိယဇနီး ဒေါ်လှိုင်နှင့် တိုင်ပင်ရာတွင် အတူးသည်
ပညာသင်ဆဲဖြစ်သည်တစ်ကြောင်း၊ အသက်တို့မှာ ပစ္စည်းမဲ့လူတန်းစားများ
ဖြစ်သည်ကလည်း တစ်ကြောင်းကြောင့် ××××

mgyoe.com

mgyoe.com





ဝန်ထောက်ဂုဏ်မောက်ပြီး တောက်တောက်ခါးခါး ကတိကို ဖျက်ရပါမည်လောဟု အသက်၏ မိဘများက ဒေါမာန်ပွားနေချိန် လူကြီးများ၏ နောက်ပိုင်းစီစဉ်မှု အကြောင်းအရာများကို မသိရှာသော အတူးသည် အသက်ရှိရာ ဘိုကလေးမြို့ သို့ ခိုးထွက်လာကာ ××××

mgyoe.com

mgyoe.com





ဝမ်းသာအားရ ရောက်လာသူ အတူးအား စိတ်ဆိုးနေသော အသက်မိဘများက မောင်းထုတ်လိုက်ပြီး၊ အသက်ကိုလည်း ကိုခင်မောင်နှင့် နေရာချထားရန် ဇွတ်စီမံကြသဖြင့် အသက်သည် ဖြစ်လိုရာဖြစ်စေတော့ဟု ရန်ကုန်သို့ ထွက်ပြေးအလာ၊ လူမသမာတို့၏ ထောင်ချောက်အတွင်းသို့ ××××

mgyoe.com

mgyoe.com





အတူးသည် အသက်ကလွဲလျှင် မည်သူ့ကိုမျှ မချစ်နိုင်ကြောင်း ဖခင်အား ဖွင့်ပြောထားပြီးဖြစ်သော်လည်း တစ်နေ့ ဖခင် အသည်းအသန် နာမကျန်းဖြစ်၍ သူ၏ အိမ်ထောင်မှု အတွင်းရေးများကို ဖွင့်ပြောကာ ဒွေးဒွေးနှင့် လက်ဆက်ဖို့ အသနားခံ ကတိတောင်းတော့ရာ ××××

mgyoe.com

mgyoe.com





ဌေးဌေး၏ စိတ်တွင် အတူးသည် ငယ်တုံးမိုက်တုံးမို့ အချစ်စိတ်ရှူးထနေသော်လည်း တစ်နေ့တွင် အသက်ကို မေ့ပျောက်ကာ သူ၏ ချစ်ကရုဏာကို မုချတုံ့ပြန်လာရမည်ဟု မျှော်လင့်ခဲ့ရှာသည်။ သို့သော် အတူး၏ ချစ်ဒုက္ခမှာ နေမြင့်လေ အရှူးရင့်လေ ဆိုသလို ဖြစ်ကာသာ လာတော့ပြီးလျှင် ××××

mgyoe.com

mgyoe.com





အတူးကို မတွေ့မနေရအောင် ရှာခဲ့သော အသက်သည် တစ်ညတွင် အတူးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ သို့သော် အတူးသည် အသက်မှန်း မသိ၊ အသက်ကလည်း အတူးအား ချစ်လျက်နှင့် မိမိအချစ်ကို အတူးလက်သို့ မအပ်နိုင်သည့် ဘဝမျိုးမှာ ××××

mgyoe.com

mgyoe.com

## အမှာစာ

'ငယ်ကျွမ်းဆွေ'၏ အမည်ကို ကြားရုံနှင့်ပင် မြန်မာပြည်တစ်ဝန်းလုံးမှ သိထားပြီးသားဖြစ်၍ မှာတမ်းအဖြစ် အထူးချဲ့ထွင် ရေးပြနေစရာပင် မလိုတော့ပေ။ မြစ်ဝကျွန်းပေါ်ဒေသ၊ ဘိုကလေးမြို့တွင် ဖြစ်ပျက်ခဲ့သည့် တကယ့်အဖြစ်အပျက် ကြေကွဲဖွယ် အချစ်ဇာတ်လမ်းတစ်ရပ်ကို ကာယကံရှင်များ၏ ခွင့်ပြုချက်အရ ရန်ကုန်မြို့၊ ဝင်းဝင်းရုံတွင် ပြဇာတ်ဝိဇ္ဇာ ဒဂုန်ဆရာတင်က ခုံတင်ပြသခဲ့စဉ် ပြဇာတ်ရာဇဝင်တွင် မကြုံဖူးအောင် လူကြိုက်များလျက် လေးကြိမ်တိတိ ပြန်ကတိုင်း ရုံလျှံခဲ့သည်ချည်းသာဖြစ်ပြီး ရန်ကုန်မြို့တွင်သာမက မြန်မာပြည်တစ်ဝန်းတွင်လည်း သိမ့်သိမ့်တုန်အောင် သတင်းကြီးခဲ့လေသည်။

ထိုစဉ်က ပြဇာတ် ပရိသတ်ကသာမက သတင်းစာလောက၊ စာပေနယ်နှင့် ပညာရေးလောကပိုင်းမှ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးများ၏ အမျိုးမျိုးအဖုံဖုံ ချီးကျူးခြင်းကိုလည်း ခံခဲ့ရပေသည်။ ၎င်းပြဇာတ်ကို စစ်ပြီးခေတ်၌ အအောင် မြင်ဆုံး

mgyoe.com

mgyoe.com



သော အောင်ရုပ်ရှင်မှ အသံထွက်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးနေစဉ် ပြည်တော်ချစ် စာရေးဆရာ အောင်လင်းက ပြဇာတ်၊ ရုပ်ရှင်ဇာတ်လမ်းများနှင့် ညှိနှိုင်း၍ အပြင် ပြဇာတ် ကစဉ်က ကာယကံရှင်များ၏ ဂုဏ်နှင့် ပြဇာတ်ပရိသတ်၏ အကြိုက်အာရုံကို ထောက်၍ လျှို့ဝှက်ချန်လှပ်ခဲ့သော ဇာတ်ကွက်အချို့ကိုပါ ဖွင့်ထုတ်ရေးသားထားရာ ပြဇာတ်ထက်လည်း မူပြတ်သား၍ ထူးခြားမည့် ချစ်လောက၏ သဘာဝ ပန်းချီကားတစ်ချပ် ဖြစ်ပေကြောင်း။

**ရုပ်ရှင်ပဒေသာ**

■

mgyoe.com

mgyoe.com

[ ၁ ]

ညောင်ပင်ဖျားမှ သစ်ရွက်ကလေးများသည် ညင်းလေကလေးက တစ်ချက်မျှ မွှေ့လိုက်သည့်အခါတွင် တဝေ့ဝေ့လည်၍ မြေသို့ ကျဆင်းလာကြကုန်သည်။

သူ့ရှေ့တွင် ကြွေကျလာသော ညောင်ရွက်တစ်ရွက်ကို အသက်က အညာမှနေ၍ ကိုင်လိုက်ရင်း အတူး၏ မျက်နှာရှေ့တွင် ဝှေ့ယမ်းလိုက်ရာသည်။ အသက်လက်ထဲမှ ညောင်ရွက်ကလေးကို ယူလိုက်ရင်း အတူးက အသက်၏ လက်ကလေးကိုပါ ဆုပ်ကိုင်လိုက်လေသည်။ ပြီးတော့လည်း တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ဘဲ ငေး၍ကြည့်နေကြသည်။

အတူးက အသက်၏လက်ကလေးကို အပေါ်မှ မိုး၍ ဆုပ်ကိုင်လိုက်သည်။ တစ်ဖန် အသက်ကလည်း အတူးလက်ကို အပေါ်မှထပ်၍ ဆုပ်ကိုင်ထားလိုက်ပြန်သည်။

'အသက်ရေ'

'ဘာလဲ အတူး'

'ဘာလုပ်တမ်းကစားကြမလဲ ဟင်'

mgyoe.com

mgyoe.com


'အသက်တော့မပြောတတ်ဘူး အတူးကြိုက်သလို ကစားလေ'

အတူးသည် အသက်ကို အတန်ကြာအောင် ငေးစိုက်၍ ကြည့်နေမိရှာသည်။

ဘေးမှရပ်နေသော စန်းရီကမူ သူတို့နှစ်ယောက်၏ အကဲကိုကြည့်နေရင်း တစ်စုံတစ်ခုကို အကြံရဟန်ဖြင့် အနားသို့ ဝင်၍ထိုင်လိုက်ရင်း...

'ဟော့...ငါ ဒီနေ့ ကစားနည်းအဆန်း တစ်ခုပေးမယ်၊ မင်းတို့နှစ်ယောက်စလုံး ကစားမလား'

'အေးလေ...ကစားမယ်၊ နင်က ဘယ်လို ကစားရမယ်ဆိုတာ ပြောဦးမှပေါ့'

အတူးနှင့်အသက်သည် စန်းရီအား မော့ကြည့်ရင်း ပြိုင်တူမေးလိုက်ကြသည်။ စန်းရီကမူ အတူးနှင့် အသက်အား ပြုံးစစနှင့်ကြည့်ရင်း ပြောင်ချော်ချော် လုပ်၍နေပြန်သည်။

'ကဲလေ...ပြောပါ၊ နင့်ဟာ ဘယ်လိုကစားရမှာလဲ'

အသက်သည် စန်းရီကို ကြည့်နေရင်းမှ အားမလိုအားမရဖြင့် မေးလိုက်ရှာသည်။

'ဟိုနေ့ညက တို့ကြည့်တဲ့ ဇာတ်ပွဲထဲမှာ ရှေ့ကပြသွားတဲ့ ပြဇာတ်လို မင်းသားနဲ့ မင်းသမီး သမီးရည်းစားထားတဲ့ အခန်းမျိုး နင်တို့နှစ်ယောက် ကစားကြတာပေါ့'

အသက်သည် စန်းရီအား မျက်စောင်းကလေးထိုး၍ ကြည့်လိုက်မိသည်။ အတူးကမူ စန်းရီ၏ကစားနည်းကို ကျေနပ်ဟန်ဖြင့် ပြုံး၍နေလိုက်သည်။

'နင့်ကစားနည်းက ရှက်စရာကြီးဟယ်'

'အမယ်...ဘာရှက်စရာရှိလဲ၊ ဘယ်သူရှိတာမှတ်လို့ အသက်ကလည်းကွာ'

'အသက် မကစားတတ်ဘူး အတူးရယ်'

အသက်သည် အတူးအား တိုးလျှိုးတောင်းပန်သော အမူအရာဖြင့် ကြည့်လိုက်မိသည်။ စန်းရီက အသက်အား မကျေမနပ်ဟန်ဖြင့်...

mgyoe.com

m gyoe.com

'ဘာလို့ မကစားတတ်ရမှာလဲ အသက်ရ၊ ဟိုညက ပြဇာတ်ထဲက အတိုင်းပေါ့၊ အသက်က ဟောဒီညောင်ပင်နားက အတူးကိုမျှော်နေရင်း သီချင်းဆိုပေါ့၊ အတူးက အသက်ကို နောက်ကလာ မျက်စိကိုပိတ်လိုက်ပေါ့၊ ပြီးတော့ ပြီးတော့ ဟိုထဲက အတိုင်းပဲပေါ့ကွာ'

အတူးသည် စန်းရီ၏စကားကို နားထောင်နေရင်းမှ အသက်၏ မျက်နှာကို အားနာဟန်ဖြင့် ကြည့်လိုက်သည်။ အသက်မှာ နေစရာမရှိအောင် ရှက်၍နေတော့သည်။

'ကောင်းသားပဲ အသက်၊ တို့နှစ်ယောက်တည်း ကစားတာပဲ ဘယ်သူမြင်တာမှတ်လို့'

'အို...စန်းရီက လျှောက်ပြောနေရင် လူတွေသိကုန်မှာ'

'အမယ်...စိတ်ချပါကွာ၊ ငါ နင်တို့ကစားတာတောင် မကြည့်ပါဘူး၊ ပြီးမှ ငါလာမယ်၊ ဟိုဘက်ဘုန်းကြီးကျောင်းထဲ သွားနေမယ်၊ ကဲ... ကျေနပ်ပလား'

စန်းရီသည် အတူးအား မျက်စိမှိတ်၍ပြလိုက်ရင်း ကျောင်းဘက်သို့ ခပ်သုတ်သုတ် ထွက်၍သွားလေတော့သည်။ သည်တော့မှလည်း အတူးက အသက်ကိုကြည့်ရင်း...

'ကဲ...အတူး ညောင်ပင်နောက်မှာ ပုန်းနေမယ်၊ အသက်က ဇာတ်ထဲကအတိုင်း အတူးကိုစောင့်နေရင်း သီချင်းဆိုပေါ့'

အတူးသည် အသက်၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်၍ ထလိုက်ရင်း ညောင်ပင်နောက်သို့ ဝင်၍သွားလေသည်။ အသက်မှာ ရှက်ပြုံးကလေးပြုံးလိုက်ရင်း သူ့စိတ်ကို သူမလုံသလို ဘေးသို့ လှည့်၍ကြည့်လိုက်မိသည်။ ပြီးတော့လည်း ထဘီကိုပြင်၍ဝတ်လိုက်ရင်း အတူး ပြောသည့်အတိုင်း တောင်ကြည့် မြောက်ကြည့် ကြည့်၍ ချစ်သူကို မျှော်လိုက်မိသည်။ ပါးစပ်မှ လည်း သူဆိုနေကျ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ဆိုလိုက်သည်။ အတူး စိတ်ဆိုးမည်စိုး၍သာ ကစားရသော်လည်း သူ့ရင်ထဲမှာ တုန်ချင်သလို ခုန်ချင်သလိုဖြစ်လာသဖြင့် ရင်ညွှန့်ဖျားကို လက်ဖြင့်အုပ်၍ ထားလိုက်ရာ သည်။

mgyoe.com

mgyoe.com


အတူးကမူ ညောင်ပင်နောက်မှနေ၍ အသက်မမြင်အောင်ထွက်လာပြီးလျှင် အသက်၏ ကိုယ်လုံးကလေးကို နောက်မှ သိမ်း၍ဖက်လိုက်သည်။ အသက်ခမျာမှာ ရုတ်တရက် ဘာမျှမလှုပ်သာတော့ဘဲ တစ်ကိုယ်လုံးပင် အေးစက်၍လာလေသည်။

'ကဲ…ကောင်မလေးတစ်ယောက်မိပြီ၊ ဒီမှာ ဘာလာလုပ်နေတာလဲ ဟင်'

အတူးသည် ပြောပြောဆိုဆို အသက်၏ ကိုယ်လေးကို မျက်နှာချင်းဆိုင် ဆွဲ၍လှည့်လိုက်လေသည်။ အသက်မှာ ဘာမျှမပြောနိုင်သေးဘဲ ခပ်ကြောင်ကြောင်ကြည့်၍ နေမိသည်။

'အတူးကို မျှော်နေရမယ်ဆို'

'သြော်…အသက်ကလည်း ဇာတ်ထဲမှာ ဒီလိုပဲ ပြောရသလား၊ အတူးကို မျှော်နေတယ်ပေါ့၊ ကဲပါဟယ် ပြောပါဦး၊ အသက် ဘယ်သူကို မျှော်နေတာလဲ ဟင်'

'အတူးကို မျှော်နေတာပေါ့ အတူးရဲ့'

'အတူးကို ဘာလို့မျှော်နေတာလဲ၊ ကဲ…ပြောစမ်းပါဦး'

အတူးသည် အသက်၏ ပခုံးနှစ်ဖက်ကို ဖျစ်ညှစ်လှုပ်ခါ၍ မေးလိုက်ပြန်သည်။ အသက်က အတူး၏အမေးကို အဖြေရခက်နေတော့သည်။

'ကဲ…ကိုယ်မေးတာဖြေပါဦး၊ အတူးကို ဘာလို့မျှော်တာလဲ'

'အသက် မပြောတတ်ဘူးကွာ၊ ဒီကစားနည်းမျိုးလည်း အသက်မကစားတတ်ပါဘူး'

အသက်သည် ငိုမဲ့မဲ့ဖြင့် အတူး၏လက်တွင်းမှ ရုန်းထွက်ရန်ကြိုးစားရှာသည်။ အတူးက အသက်တစ်ကိုယ်လုံးကို လွတ်မသွားအောင် တအားဖက်၍ထားလိုက်ပြန်သည်။ အသက်မှာ သည်တော့မှပင် နေစရာမရှိအောင် ကြောက်၍လာမိသည်။ အတူးက စိုက်၍ကြည့်နေသော မျက်လုံးဒဏ်ကို မခံနိုင်တော့သဖြင့် ခေါင်းကိုလည်း ငုံ့ထားလိုက်ရပြန်သည်။

'အသက်'

'ဘာလဲ အတူး'

mgyoe.com

mgyee.com


နှစ်ယောက်စလုံး၏အသံမှာ ရင်တွင်းမှ ရှိုက်၍ထွက်လာကြသည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်နေသည်မှာလည်း အပျောက်မခံနိုင်တော့သလို ပြင်းထန်စူးရှလှသည်။ အတူးကမူ တစ်ခုခုပြောမည့်ဟန်ဖြင့် အားယူနေရာမှ မချင့်မရဲဖြစ်လာကာ အသက်၏ ကိုယ်ကလေးကို သူ့ရင်ပြင်တွင် ကပ်၍ထားလိုက်မိသည်။

'အသက် အတူးနဲ့ ခုလိုကစားရတာ မပျော်ဘူးလားဟင်'

'ပျော်တော့ ပျော်တာပေါ့၊ ဒါပေမဲ့ အသက်စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ရင်တွေ တုန်သလို မောသလို ဖြစ်နေတယ်'

'အေး... အတူးလည်း ဒီလိုပဲဖြစ်တယ်၊ ဘာလို့မှန်းမသိဘူး၊ ပြီးတော့လည်း ကိုယ့်စိတ်ထဲမှာလေ အသက်က ကိုယ့်ကို ဒီလိုပဲ အမြဲမျှော်စေချင်တယ်'

'အတူးက ဘယ်သွားလို့ မျှော်ရမှာလဲ၊ အတူးကလည်း နိမိတ်မရှိတာတွေ မပြောကောင်းဘူး'

အသက်သည် အတူးအား နားမလည်နိုင်သလို ကြည့်ရင်း ခပ်တိုးတိုးမေးလိုက်ရှာသည်။

'ဘယ်မှတော့ မသွားပါဘူး၊ ဒါပေမဲ့ မိန်းကလေးတစ်ယောက်က ယောကျ်ားကလေးတစ်ယောက်ကို မျှော်တယ်ဆိုတာ ချစ်လို့မျှော်တာပေါ့၊ အသက် အတူးကို မချစ်ဖူးလားဟင်'

အတူး၏အမေးမှာ အသက်၏ ရင်တွင်းဝယ် မိုးကြိုးသံကဲ့သို့ တုန်ဟည်း၍သွားတော့သည်။ ပြီးတော့လည်း အသက်၏ မျက်လုံးများမှာ တဖြည်းဖြည်း တောက်ပဝင်းစို၍ လာတော့သည်။

'အတူးမေးတာ မဖြေတော့ဘူးလား အသက်ရယ်'

'မေးစရာ လိုသေးလား အတူးရယ်၊ အတူးကို ချစ်လို့ ခုလို အမြဲ အတူကစားနေတာပေါ့'

'မဟုတ်သေးဖူးကွယ်၊ အတူးပြောနေတာက တစ်မျိုး၊ အတူးတောင် ဘယ်လိုပြောရမှန်း မသိတော့ဘူး'

အတူးသည် အသက်အားကြည့်ရင်း အားမလိုအားမရ ဖြစ်နေရှာ

mgyee.com

mgyoe.com


သည်။ အသက်ကမူ အတူး၏အဖြစ်ကို အကြောင်းမဲ့သနားမိကာ အတူး၏ နဖူးကလေးကို သူ့လက်ဖဝါးဖြင့် ယုယစွာ သပ်လိုက်မိရှာသည်။

'အိုကွယ်…မင်းသားနဲ့ မင်းသမီး ချစ်သလိုပေါ့၊ အတူးလေ အသက်ကို ဒီလိုချစ်နေမိပြီ၊ အသက်က မချစ်ဖူးလား'

အတူး၏အမေးကို နှုတ်ခမ်းကလေးများ တဆတ်ဆတ်တုန်လာ သည်အထိ ဖြေရန် ကြိုးစားမိသည်။ သို့ပေမဲ့ စကားများက တစ်လုံးမျှ ထွက်၍မလာကြပေ။ ထိုကြောင့်လည်း အတူးမှာ မကျေနပ်နိုင်အောင် ဖြစ်လာသဖြင့် အသက်အား ခပ်တင်းတင်းလေး ဖက်ထားလိုက်မိသည်။

'အတူးကို မချစ်ဖူးလားဟင် အသက်'

'အသက် မဖြေရဲဘူး အတူးရယ်၊ အတူးပြောတာဆိုရင် ဘယ် တော့မှ အသက် မငြင်းပါဘူး'

'ဘာမဖြေရဲစရာရှိလဲ အသက်ရယ်၊ ချစ်ရင် ချစ်တယ်ပေါ့'

အတူးသည် အသက်၏ပါးကလေးကို သူ့ပါးဖြင့်ကပ်လိုက်လေ သည်။ ပြီးတော့လည်း အသက် ပါးမို့မို့အိအိကလေးနှစ်ဖက်ကိုလည်း အပြန် ပြန် နမ်းလိုက်သည်။

'အတူးကိုချစ်တယ်နော် အသက်'

'ချစ်တာပေါ့ အတူးရယ်၊ အတူးကို မခွဲနိုင်အောင် ချစ်တာပေါ့။ ဒါကြောင့်လည်း အတူးဖေဖေတို့ဆီ အတူးပြန်သွားမှာ သိပ်စိုးရိမ်တာပဲ'

'ဘာလို့ ပြန်သွားရမှာလဲ၊ ဖေဖေလာခေါ်ရင် အသက်ပါ အတူးနဲ့ အတူလိုက်ခဲ့ရမှာပေါ့'

အတူး၏စကားကြောင့် အသက်မှာ နှင်းဆီငုံကလေးများပွင့်သလို လန်းလန်းဆန်းဆန်းပြုံး၍ လာမိသည်။ ပြီးတော့လည်း သူ၏ သွယ်တန်း ပျော့ပျောင်းသော လက်ကလေးနှစ်ဖက်ဖြင့် အတူး၏လည်ပင်းကို သိုင်း ဖက်၍ ထားလိုက်ရှာတော့သည်။

'အသက်ကို မခွဲဘူးနော်'

'ဘယ်တော့မှ မခွဲပါဘူး အသက်ရယ်'

ခုမှပင် သူတို့နှစ်ဦးစလုံး၏ အချစ်ပန်းကလေးနှစ်ပွင့်မှာ နေရောင်

mgyoe.com

mgyoe.com


ခြည်ဦးတွင် ဖူးပွင့်၍လာတော့သည်။ တစ်ယောက်၏ ရင်ငွေ့တွင် တစ်ယောက် အချစ်ကို ထွေးပိုက်၍ ထားလိုက်ကြလေသည်။

'ဟော့...မိပြီ မလှုပ်ကြနဲ့'

ဘယ်အချိန်က ပေါ်၍လာမှန်းမသိသော စန်းရီသည် တစ်ယောက် နှင့်တစ်ယောက် ဖက်၍နေသော အတူးနှင့်အသက်ကို ဓာတ်ပုံရိုက်နေဟန်ဖြင့် ကုပ်ချောင်းချောင်း ထွက်လာသည်။ သည်တော့မှပင် အသက်နှင့်အတူးမှာ လူချင်းခွဲလိုက်ရသည်။

'ကဲ...ငါလည်း နင်တို့ကစားတာ အားကျတယ်။ ငါနဲ့ကော တစ်လှည့်ကစားပါဦး အသက်ရာ'

စန်းရီသည် အသက်ရှေ့တွင်ရပ်ရင်း သူနှင့်ကစားရန် လက်ကို ရှေ့သို့တန်းလိုက်သည်။ အသက်မှာ ကြောက်ကြောက်ဖြင့် နောက်သို့ဆုတ်၍ သွားမိသည်။

'ဟော့...တို့ကစားနေတာ မဟုတ်ဘူးကွ'

'ဟင်...ကစားနေတာမဟုတ်လို့ ဘာလုပ်နေတာလဲ'

'ဘာလုပ်လုပ် နင့်ကိုပြောရမှာလား။ လာ...အတူး ပြန်မယ်။ သူ့ ဘာသာတစ်ယောက်တည်း ကစားနေရစ်ပေစေ'

အသက်သည် အတူး၏ လက်ကိုဆွဲ၍ ထွက်သွားလေသည်။ အကြောင်းသိဖြစ်နေသော စန်းရီမှာ သူ့ရင်ကို သူ့လက်ဝါးဖြင့် ပုတ်လိုက်ရင်း...

'အင်း...လက်စသတ်တော့ ငါ့အတတ်နဲ့ ငါ့စူးနေပါပကောလား'

* * *

mgyoe.com

mgyoe.com

# [ ၂ ]

ဦးကြယ်နီသည် ဦးလှဖေမျက်နှာကို မြင်လိုက်ကတည်းကပင် အကြောင်းသိနေသဖြင့် ဣန္ဒြေမပျက် ဧည့်ခံနေရသော်လည်း မျက်နှာက မသာလှပေ။ ဦးလှဖေကပင် အလိုက်သိစွာပင် သူလာသည့်ကိစ္စကိုမပြောဘဲ တခြားစကားများကိုသာ လွှဲ၍ပြောလိုက်ရသည်။

'ဘယ့်နှယ်လဲ ကိုကြယ်နီ မစိန်ခင်ကော မမြင်ပါလား'

'ဈေးသွားတယ် ထင်ပါရဲ့ဗျာ'

'ကလေးတွေကော'

'ကလေးတွေလည်း ကျောင်းအဆင်းလွှတ်လိုက်ပေမဲ့ ကစားနေကြတာ အချိန်ကုန်မှပဲ အိမ်ပြန်ရောက်တာပဲ'

ဦးကြယ်နီနှင့် ဦးလှဖေမှာ ငယ်သူငယ်ချင်း ဖြစ်ကြသည်။ တစ်မြို့တည်း မိတ်ဆွေရင်းများ ဖြစ်ကြသည်။ လူချင်းမိတ်ဆွေ ဖြစ်ကြသော်လည်း အလုပ်ချင်းမှာမူ တစ်ယောက်က ကုန်သည်ဖြစ်၍ တစ်ယောက်က အစိုးရ အရာရှိ ဖြစ်နေကြသည်။ ထို့ကြောင့်လည်း ဦးလှဖေမှာ အစိုးရအမှုထမ်းပီပီ ဘိုကလေးမြို့မှနေ၍ အထက်အညာသို့ ရုတ်တရက် ပြောင်းရွှေ့ခဲ့ရသည်။

mgyoe.com

mgyoe.com


ထိုသို့ပြောင်းရွှေ့ရပြန်တော့လည်း သားဖြစ်သူ အတူးကလေးအား စာမေးပွဲစစ်ခါနီးဖြစ်နေ၍ ဦးကြယ်နီအိမ်မှာပင် ခဏထားခဲ့ရလေသည်။ အတူးနှင့် အသက်မှာလည်း မိဘချင်းရင်းနှီးသလောက် တစ်ယောက်နှင့်တစ်ယောက် မောင်နှမရင်းကဲ့သို့ ရင်းနှီးချစ်ခင်ခဲ့ကြသည်။ သို့ကြောင့်လည်း ငယ်ရွယ်သူများဖြစ်သဖြင့် အလုပ်ကိစ္စနှင့် ပြောင်းရွှေ့ရသည်တို့ကို နားမလည်နိုင်ဘဲ တစ်ယောက် တစ်ယောက် မခွဲဘဲနေရသည့်ဘဝကိုပင် ဝမ်းသာ၍မဆုံးနိုင်တော့ပေ။ ကလေးများ၏ သံယောဇဉ်ကြီးပုံကို သိနေသော ဦးကြယ်နီမှာ ခုလို ခွဲရတော့မည့်အဖြစ်ကို သိနှင့်နေသဖြင့် စိတ်မကောင်း ဖြစ်မိရှာသည်။

ဦးလှဖေ ဘိုကလေးမြို့သို့ ခုလိုရောက်လာခြင်းမှာ သားဖြစ်သူ အတူးကိုခေါ်ရန် လာသည်ဖြစ်မည်ကိုလည်း ဦးကြယ်နီက မပြောဘဲနှင့် သိပြီးဖြစ်နေသည်။ ထိုကြောင့်လည်း ဦးလှဖေကို ဣန္ဒြေမပျက် ဧည့်ခံရသော်လည်း သူ့မျက်နှာမှာ မသက်မသာတော့ပေ။

"ကလေးတွေကတော့ဗျာ ဘဝရေစက်ပဲလို့ ဆိုရမှာပဲ။ တစ်အိမ်တည်းနေတာတောင် တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်အောင်ဘဲ တစ်ယောက်မရှိရင် တစ်ယောက်မနေတတ်သလိုဘဲ'

'ကျွန်တော် သိပါတယ် ကိုကြယ်နီ၊ ဒါကြောင့်လည်း ရုတ်တရက်ပြောင်းရတော့ ကျောင်းလည်း ဒီနှစ်တော့ မပြောင်းချင်တာကတစ်ကြောင်း၊ သူတို့ချင်းလည်း မခွဲရက်တာကတစ်ကြောင်းကြောင့် ထားခဲ့တာပဲ'

'ဟုတ်ပါတယ်လေ။ ကျွန်တော် ကိုယ်ချင်းစာပါတယ်။ ခင်ဗျားမှာလည်း သားတစ်ယောက်တည်းရယ်။ အမေတောင် ရှိတာမှမဟုတ်ဘဲ'

ဦးကြယ်နီသည် အပေါက်ဝသို့ လှမ်းကြည့်နေရင်း ဦးလှဖေအား လက်တို့၍ ပြလိုက်မိသည်။ အတူးနှင့်အသက်မှာ တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး အိမ်တွင်းသို့ အပြေးအလွှား ဝင်၍လာကြသည်။ အတူးကမူ သူ့ဖေဖေကို မမျှော်လင့်ဘဲတွေ့ရသဖြင့် အံ့ဩဝမ်းသာ ဖြစ်နေရှာသည်။

'ဟင်...ဒက်ဒီ၊ ဘယ်တုံးကရောက်သလဲ'

'အခုပဲ ရောက်တယ်ကွ၊ မင်းတို့တောင် မမြင်လို့မေးနေသေးတယ်'

mgyoe.com

mgyoe.com

အတူးသည် ဦးလှဖေ၏ ဘေးတွင်ကပ်၍ ထိုင်လိုက်သည်။ အသက်ကလည်း အတူးဘေးတွင် ကပ်၍ ရပ်နေရှာသည်။ သူ့မျက်နှာသည် တစ်စုံတစ်ရာကို စိုးရိမ်နေဟန်ရှိသည်။ ဦးကြယ်နီကလည်း သမီး၏ အရိပ်အကဲကို တစ်ချက်မျှ ငဲ့၍ ကြည့်လိုက်လေသည်။

'ဒီမှာ အကြာကြီး နေဦးမှာပေါ့နော်၊ အတူးတို့လည်း ကနေ့ ကျောင်းပိတ်လိုက်တယ်'

ဦးလှဖေသည် အတူး၏ အမေးကို ရုတ်တရက် မဖြေသေးဘဲ ဘေးမှ ကြောင်စီစီရပ်နေသော အသက်အား ကြည့်လိုက်ရင်း...

'ဒက်ဒီ မနက်သင်္ဘောနဲ့ ပြန်မယ်၊ အခု ဒက်ဒီ ရန်ကုန်ကို ပြောင်းရတယ်၊ ဒါ့ကြောင့် အသက်တို့သားအဖကို နှုတ်ဆက်ရင်း အတူးကိုပါ လာခေါ်တာ'

အတူးတို့သားအဖ ပြောနေကြသော စကားကို နားထောင်နေသော အသက်ကလေးမှာ မျက်လုံးကလေးများ ဝိုင်း၍လာရှာသည်။

'ဟင်...အန်ကယ်ကလည်း အသက်တို့မြို့ကိုတော့ မပြောင်းဘဲကိုး'

'ကိုယ်ပြောင်းချင်တိုင်း ဖြစ်တာမဟုတ်ဘူး သမီးရဲ့၊ အထက်လူကြီးက အမိန့်ထုတ်တဲ့အတိုင်း ပြောင်းရတာ'

ဦးကြယ်နီသည် သမီးအားကြည့်ရင်း ထိုင်ရာမှ ထလိုက်ပြီးလျှင် လမ်းဘက်သို့ မျှော်၍ကြည့်လိုက်လေသည်။ အသက်ကလည်း အတူးအား အားငယ်စွာကြည့်လိုက်ရင်း...

'ဒါဖြင့် အန်ကယ် အတူးကို ခေါ်သွားတော့မှာပေါ့နော်'

'အေး...ပေါ့ကွယ်၊ အတူးက ရန်ကုန်ကျောင်းမှာ နေရတော့မှာ'

ဦးလှဖေ၏စကားကြောင့် အသက်မှာ မျက်ရည်များ လည်၍လာရှာသည်။ ပြီးတော့လည်း အတူး၏လက်တစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားလိုက်သည်။

ဦးလှဖေနှင့် ဦးကြယ်နီတို့မှာ အသက်နှင့် အတူး၏အဖြစ်ကို မကြည့်နိုင်ရက်သလို အိမ်ရှေ့ပေါက်ဆီသို့ ခပ်ဖြည်းဖြည်း ထွက်လာခဲ့ကြလေသည်။ သည်တော့မှလည်း အတူးမှာ အသက်၏ လက်ကလေးကို ပြန်၍

mgyoe.com

mgyoe.com


ဆွဲကိုင်ရင်း…

'လိုက်တော့ ဘယ်လိုက်ချင်မလဲ အသက်ရယ်၊ ဒါပေမဲ့ ဒက်ဒီက ခေါ်တော့လည်း အတူး လိုက်သွားရမှာပေါ့'

'ငါ့ကို မခွဲဘူးဆိုပြီး အခုတော့ ခွဲသွားတော့မယ်လား'

'ငါလည်း မခွဲချင်ပါဘူးဟယ်'

အတူး၏ အသံမှာ အက်ကွဲ၍ လာရှာ၏။ အသက်သည် အတူးအား ဆို့နစ်စွာ ကြည့်လိုက်မိလေသည်။ အတူး၏ မျက်လုံးအိမ်မှ မျက်ရည်များသည် တစ်ပေါက်ချင်း လိမ့်ဆင်း၍ ကျလာလေသည်။ အသက်ကမူ ရှိုက်သံကလေးများ စင်ထွက်၍ ထွက်၍လာရင်း အတူး၏ ရင်ခွင်ထဲသို့ သူ၏မျက်နှာကလေးကိုအပ်၍ အားရအောင် ငိုလိုက်ရှာသည်။

'တို့နှစ်ယောက် တစ်သက်လုံးမခွဲဘူး…မခွဲဘူး'

'အေး…ငါလည်း မခွဲချင်ပါဘူး အသက်ရယ်၊ ဒါပေမဲ့ တို့ ဘယ်လိုလုပ်ကြမလဲ၊ ဒက်ဒီက အတင်းခေါ်မှာ…'

အတူးသည် အသက်ဆီမှ အကြံဉာဏ်များ ရလိုရငြား အားကိုးတကြီးဖြင့် ကြည့်လိုက်မိသည်။ အသက်ကလည်း အတူးအား ပြန်၍ ကြည့်လိုက်ရင်း တစ်ခုခုလုပ်ရန် စဉ်းစားမိလိုက်လေသည်။ ထို့ကြောင့်လည်း အတူး၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ယမ်းလိုက်ရင်း…

'တို့ ညထွက်ပြေးရ မကောင်းဘူးလား'

'အေး…ကောင်းသားပဲ'

နှစ်ယောက်စလုံး၏ မျက်နှာမှာ ဝင်းလက်၍ လာလေသည်။

'ဒါပေမဲ့ တို့ ဘယ်ကိုပြေးကြမလဲ'

'ဘယ်ဖြစ်ဖြစ်ပေါ့၊ ဒက်ဒီတို့ မတွေ့မဲ့နေရာကို ပြေးတာပေါ့'

ခုအချိန်အခါမျိုးတွင် သူတို့နှစ်ယောက်စလုံးမှာ မခွဲရလျှင် ဘာကိုပင် လုပ်ရလုပ်ရ အသင့်ဖြစ်၍ နေကြသည်။ ထို့ကြောင့်လည်း အသက်ပြောသောအကြံကို အတူးက သဘောတူလိုက်သည်။ ခဏအတွင်းမှာပင် တစ်ယောက်နှင့်တစ်ယောက် ခွဲရတော့မည့်ဘဝမှာ ခုလို ပြန်၍ တစ်နေရာတွင် မခွဲဘဲ အတူသွား၍ နေရတော့မည့်အရေးကို တွေးရင်း ဝမ်းသာ၍

mgyoe.com

mgyoe.com


နေမိတော့သည်။

အသက်သည် ဝမ်းသာအားရဖြင့် အတူးအား ဖက်လိုက်မိသည်။ အတူးလည်း ပြုံးရွှင်စွာ အသက်အား ပြန်၍ ဖက်ထားလိုက်မိရှာသည်။

ဦးလှဖေနှင့် ဦးကြယ်နီတို့ ပြန်၍ ဝင်လာသောအခါ ဣန္ဒြေမပျက် ပင် လူချင်းခပ်ခွာခွာထိုင်၍ နေလိုက်ကြသည်။ အသက်ကမူ အတူးကို တစ်ချက်မျှ ခိုး၍ကြည့်လိုက်ရင်း အဓိပ္ပာယ်ပါပါ ပြုံးလိုက်မိရှာသည်။

အရုဏ်ဦးအချိန် ဆိုရသော်လည်း အလင်းရောင်မှာ မပွင့်လင်းလှ ပေ။ ကြယ်ရောင်ကလေးများ တဖြည်းဖြည်း မှေးမှိန်စပြုလေပြီ။ အသက်နှင့် အတူးမှာ တစ်ယောက်လက်ကို တစ်ယောက် ခပ်တင်းတင်းဆုပ်၍ အိမ်ထဲမှ အသာထွက်ခဲ့ကြလေသည်။ အိမ်ကအထွက်တွင် ဘာကိုမျှ စိတ်မကူးနိုင် သေးဘဲ အိမ်နှင့်ဝေးရာကို ဦးတိုက်၍ ထွက်ခဲ့မိသည်။ ဘယ်ကိုသွားရမည်ကို ကား ဘာမျှ အစီအစဉ်မရှိပေ။

'ကဲ...ဘယ်သွားမှာလဲ'

'မသိဘူးလေ'

'အေး...ငါလည်း မသိဘူး၊ ညနေကနေရာမှာ သွားထိုင်ရအောင်'

'အေးလေ...ကောင်းသားပဲ'

အတူးနှင့် အသက်တို့မှာ ပြောပြောဆိုဆို တစ်ယောက်လက် တစ်ယောက်ဆွဲကာ ကစားနေကြ ညောင်ပင်အောက်သို့ ပြေးလာကြသည်။ အလင်းရောင်မှာလည်း တဖြည်းဖြည်း ပွင့်ပွင့်လာသည် ထင်ရ၏။ ကြယ် ရောင်ကလေးများ၏ အရောင်အသွေးမှာလည်း တဖြည်းဖြည်း မှေးဖျော့သည့် အသွင်ကို ဆောင်ကြလေသည်။ ကျေးငှက်တို့မှာလည်း ညောင်ပင်ထက်မှ သာယာသောတေးကို ဖွဲ့သီ၍ လင်းအရုဏ်ဦးကို ကြိုဆိုကြလေပြီ။

အတူးသည် ပင့်သက်ကို ခပ်ဖြည်းဖြည်းချလိုက်ရင်း...

'ပြေးကြတာတော့ ဟုတ်ပါပြီ အသက်ရာ၊ ဒါပေမဲ့ တို့ ဘယ်ကို သွားနေကြလို့ ဘယ်လိုစားကြမှာလဲ'

'အေး...ငါလည်း ပြေးလို့သာလာခဲ့ရတယ်၊ ဘာလုပ်လို့ ဘာကိုင် ရမှန်းလဲ မသိတော့ပါဘူး အတူးရယ်'

mgyoe.com

mgyoe.com


'ဒါနဲ့ နင့်မှာ ပိုက်ဆံဘယ်လောက်ပါသလဲ'

အတူး၏အမေးကြောင့် အသက်သည် လက်ဖြင့် အိတ်ကပ်ထဲသို့ လျှောက်စမ်း၍ နှိုက်လိုက်ရင်း...

'ငါ့မှာ တစ်မူးပဲ ပါလာတယ်'

'ငါ့မှာလည်း တစ်ပဲတည်းပဲ ပါတယ်၊ တို့ ဘယ်လိုလုပ်ကြမှာလဲ အသက်ရယ်၊ စဉ်းစားစမ်းပါဦး'

'ငါလည်း စဉ်းစားနေတာပဲဟယ်'

အရှေ့ဦး၏ လင်းကြက်တွန်ကျူးသံမှာ ဝေးကွာသောတစ်နေရာမှ လေးသွဲ့စွာ ထွက်ပေါ်လာလေသည်။

'ဟော...လင်းကြက်တွေတောင် တွန်ကုန်ကြပြီ၊ တို့တော့ ဒီလိုနဲ့ ဒုက္ခရောက်တော့မယ်'

'ငါ အကြံရပြီ၊ ဖေဖေတို့ အန်ကယ်တို့ လိုက်မရှာနိုင်အောင် တို့ စန်းရီတို့အိမ်မှာ သွားပုန်းနေရရင် မကောင်းဘူးလား'

'အေး...ကောင်းတယ် ကောင်းတယ်၊ လာ...သွားကြမယ်'

အတူးသည် အသက်၏လက်ကို ဆုပ်ဆွဲကာ ပြေးရန် ဟန်ပြင်လိုက်ကြသည်တွင် 'ဟော...ဟိုမှာ မာမီလာနေပြီ၊ တို့တော့ ဒုက္ခပဲ'ဟု အသက်၏စကားကြောင့် အတူးမှာ ဘာမျှမလုပ်တတ်အောင် မှင်တက်မိသွားမိသည်။ အသက်၏မိခင် ဒေါ်စိန်ကြီးမှာ လက်ဆွဲခြင်းတောင်းဆွဲ၍ အတူးနှင့်အသက်ရှိရာ လမ်းဆီသို့ ရှေးရှုလာနေလေသည်။ တဖြည်းဖြည်း နီးကပ်လာလေလေ အတူးနှင့်အသက်တို့မှာ ဘာမျှမလုပ်တတ်၊ မကြံတတ်အောင် ကြောင်၍ ကြည့်နေကြရှာသည်။

'ဟင်...အတူးနဲ့ အသက်ပါလား၊ ဒီနားမှာ ဘာလာလုပ်နေကြတာလဲ၊ မနက်စောစောစီးစီး'

မစိန်ခင်၏ အမေးကြောင့် အတူးနှင့်အသက်တို့မှာ ဘယ်လိုဖြေရမှန်း မသိအောင် တုန်လှုပ်ချောက်ချားသွားမိသည်။ ပြီးမှ အသက်သည် မစိန်ခင်အနား ကပ်သွားရင်း...

'သြော်...မေမေကလည်း ဟိုလေ...ဟိုလေ အတူးက ပြန်ခါနီးမို့လို့

mgyoe.com

mgyoe.com


သူ့သူငယ်ချင်းတွေ နှုတ်ဆက်သွားရအောင်ဆိုလို့ သမီးတို့ သွားကြမလို့ပါ'

'ဟုတ်...ဟုတ်ပါတယ် ဒေါ်ဒေါ်'

'အေး...အေး ဟုတ်တာပေါ့၊ ပြန်ခါနီးဆိုတော့ သူငယ်ချင်း မိတ်ဆွေတွေကိုလည်း နှုတ်ဆက်ဦးမှပေါ့။ ကဲ...ကဲ သွားနှုတ်ဆက်ကြ၊ မြန်မြန်လည်း ပြန်ခဲ့ကြပေါ့ကွယ်'

'ဟုတ်ကဲ့ပါ ဒေါ်ဒေါ်'

အတူးသည် အသက်၏လက်ကိုဆွဲ၍ ပြောပြောဆိုဆို သုတ်ခြေတင်ရန် ပြင်ဆင်လိုက်မိသည်။ ထိုအခိုက်မှာပင် နောက်မှ အော်လိုက်သံကို ကြားလိုက်ရသဖြင့် နှစ်ယောက်စလုံးမှာ မှင်တက်မိသလို ဘာလုပ်ရမှန်းပင် မသိတော့ပေ။

'ဟေ့...အတူး'

'ဟေ့...အသက်'

ဦးလှဖေနှင့် ဦးကြယ်နီတို့သည် နောက်မှ လှမ်း၍အော်ရင်း အတူးနားသို့ အပြေးအလွှား ရောက်၍လာတော့သည်။ ဦးကြယ်နီ၏ မျက်လုံးအစုံမှာ ဒေါသဖြင့် ပို၍ ပြူးကျယ်လာတော့သည်။ ထို့ကြောင့်လည်း အသက်ခမျာမှာ တစ်ကိုယ်လုံး တုန်နေရှာသည်။ အတူးကမူ အသက်ကို ဖက်ထားလိုက်ရင်း သူ့အဖေဖေအား မျက်နှာငယ်ကလေးဖြင့် ကြည့်လိုက်ရှာသည်။

'မင်း တယ်မိုက်ပါလားဟင်၊ ဒီအရွယ်က ဒါလောက်တောင် မိုက်ရသလား' ဦးလှဖေသည် အတူး၏ကိုယ်ကလေးကို ခပ်ကြမ်းကြမ်း လှုပ်ကိုင်ရင်း ဒေါသဖြင့် ကြိမ်းလိုက်သည်။

'ဒက်ဒီ အတူးကို အသက်နဲ့ မခွဲပါနဲ့'

'ဟင်...အသက်နဲ့ မင်းကို မခွဲရဘူး၊ မင်းအရွယ်ဟာ ဒါမျိုးတွေ စိတ်ကူးဖို့အရွယ်လား၊ ဒါ မင်းတို့အလုပ်လား'

ဘေးမှ ခပ်ကြောင်ကြောင်း ရပ်နေရှာသော မစိန်ခင်ကမူ ဘာမျှ နားမလည်ဟန်ဖြင့်...

'နေစမ်းပါဦး၊ ခု ဘယ်လိုဖြစ်လာကြလို့လဲ'

'ကဲ...ဦးကြယ်နီ၊ မစိန်ခင်ကို ကြည့်လည်း ရှင်းပြလိုက်ပါဦး'

mgyoe.com

mgyoe.com


ဦးကြယ်နီသည် မစိန်ခင်အား စိတ်မရှည်ဟန်ဖြင့် စောင်း၍ကြည့်လိုက်ရင်း...

'ဘယ်လိုမှ ဖြစ်ကြတာမဟုတ်ဘူး၊ မင်းနဲ့ ငါနဲ့ ငယ်ငယ်တုန်းက ဖြစ်ကြသလို ဖြစ်ကြမလို့တဲ့၊ ကဲ...ရှင်းပြီလား'

'ဩော်...ဒီလိုကိုး၊ လက်စသတ်တော့ လက်စသတ်တော့မလို့ကိုး၊ တို့ကဖြင့် ကလေးတွေ မောင်နှမတွေလို မှတ်ခဲ့တာ၊ မင်းတို့က ဒီလိုတောင် ဖြစ်နေကြပေါ့ကိုး၊ ကဲ...လာစမ်း ဒီကောင်မကလေး'

မစိန်ခင်သည် မချုပ်တည်းနိုင်သောဒေါသဖြင့် အသက်အား လှမ်း၍ဆွဲလိုက်ရင်း ရိုက်ရန်ပြင်လိုက်သည်တွင် ဦးကြယ်နီက ဝင်၍ဆွဲလိုက်ပြန်သည်။

'နေစမ်းပါဦးကွာ အိမ်ကျမှ ရိုက်စမ်းပါ။ လမ်းပေါ်မှာ ရှက်စရာကြီး၊ ကဲ...ဦးလှဖေ သဘော်အချိန်နီးပြီ'

'ဟုတ်တယ်...ဦးကြယ်နီ ကျွန်တော်သွားမှပဲ။ ကျွန်တော့်တပည့်တော့ သဘော်မှာ အသင့်ရှိနေမှာပါ။ ကဲလာ...အတူး'

ဦးလှဖေသည် အတူး၏ လက်ကိုဆွဲ၍ သွားရန်ပြင်လိုက်သည်။ သည်တော့မှလည်း အတူးသည် အသက်ကလေးအား မျက်ရည်စမ်းစမ်း ကြည့်ရင်း ဖက်လိုက်မိသည်။ အသက်ကလည်း အတူးအား ပြန်၍ဖက်လိုက်ရှာသည်။ နှစ်ယောက်စလုံး၏ မျက်လုံးများမှ မျက်ရည်များ တလိမ့်လိမ့်ကျလာတော့သည်။

'ခွဲရတော့မယ်နော်'

နှစ်ယောက်စလုံးမှာပင် ခွဲရမည်ဆိုသော အသိက ခြောက်လှန့်နေသည်။ အသက်၏မျက်နှာကလေးမှာ အားလျှော့လိုက်သောဟန်ဖြင့် နွမ်းပျော့၍နေရှာသည်။

'အတူးမလိုက်ပါရစေနဲ့ ဒက်ဒီ၊ အသက်နဲ့အတူး ဒီကျောင်းမှာပဲ နေပါရစေ'

'ဘယ်ဖြစ်မလဲ သားရယ်။ ဒီအရွယ်မှာ ပညာစုံအောင် ကြိုးစားမှပေါ့။ အတူးတို့ချစ်ခြင်းကို ဒက်ဒီ မခွဲပါဘူး။ အတူးကို နွေကျောင်းပိတ်တိုင်း

mgyoe.com

mgyoe.com


အသက်ဆီ လာပို့မယ်။ အရွယ်ရောက်လို့ ပညာစုံတဲ့အခါကျရင် အတူးနဲ့ အသက်ကို ဒက်ဒီတို့က လက်ထပ်ပေးမှာပေါ့။ အသက်ဖေဖေကလည်း သဘောတူပြီးသားပါကွယ်၊ ဟုတ်လား ဦးကြွယ်နီ’

‘ဒါပေါ့ကွယ်၊ တို့ကလည်း မင်းတို့အရွယ်ရောက်လာလို့ ပညာစုံရင် ဒီအတိုင်းစီစဉ်ဖို့ အခုကပဲ မှန်းထားပြီးသားပါကွယ်’

ခုလို ကြားရပြန်တော့လည်း အတူးမျက်နှာမှာ ပြုံး၍လာလေသည်။ အသက်၏ ပခုံးကလေးနှစ်ဖက်ကိုလည်း ယုယစွာ ဆုပ်ကိုင်လိုက်မိသည်။

‘ကဲ...ကြားလား အသက်ရေ၊ အတူးတို့ကို မခွဲပါဘူးတဲ့ကွယ်။ အတူး ပညာမြန်မြန်စုံအောင် ကြိုးစားမယ် ဟုတ်လားနော်။ တစ်နှစ်တစ်ခေါက်လည်း မှန်မှန်ပြန်လာမယ်နော် အသက်’

အတူးက အားတက်သရေ ပြောလိုက်တိုင်အောင် အသက်ကလေးမှာ ဘာမျှ ပြန်မပြောနိုင်ရှာဘဲ ခေါင်းကလေးကိုသာ အလိုက်သင့်ညိတ်လိုက်ရှာသည်။

‘ကဲ...သွားရအောင် သားရေ’

အသက်သည် အတူး၏ လက်အစုံကို မလွှတ်တမ်း ဆုပ်ကိုင်ထားလိုက်သည်။ မစိန်ခင်က နောက်မှနေ၍ အသက်ကို ဆွဲထားလိုက်သည်။ ဦးကြွယ်နီက အတူးကို ဆွဲခေါ်လိုက်သည်။ တစ်ယောက်ကိုတစ်ယောက် ဆုပ်ထားသော လက်တန်းကလေးနှစ်ဖက် ပြတ်ကျသွားသည့်အခါတွင်မူ အသက်၏ အက်ကွဲကြေမွ၍ ထွက်လာသောရှိုက်သံသည် ဆင့်ကဲ၍ ထွက်လာတော့သည်။

အတူးကမူ အသက်ကို ပြန်တစ်လှည့်လှည့်ကြည့်ရင်း ရင်တွင်းမှ မချိတင်ကဲ လှိုက်၍ထွက်လာသော အသံကလေးဖြင့်...

‘သွားပြီ အသက်ရေ...သွားပြီ’

‘သွားတော့ အတူးရေ...သွားတော့’

* * *

mgyoe.com

mgyoe.com

# [ ၃ ]

မြဲညောင်ရွက်တို့သည် ရွှေရည်လျှမ်းခဲ့လေပြီ။

ရွှေရည်လျှမ်းသဖြင့်လည်း တဖြည်းဖြည်း နွမ်း၍လာလေသည်။ ရွက်နု ရွက်သစ်တို့ ဘဝတုန်းကမူ လေချိုကလေးများ သွေးလိုက်လျှင် ကွေးနေအောင် ကခုန်ကြသည်။ ထိုသို့ ကခုန်နေကြရာမှ မော၍လာသလို ညောင်ရွက်လေချိုတေးကို သီကျူးကြပြန်သည်။ ရိုးညှာတံများ ခြောက်၍လာသည့်အခါတွင် ညောင်ရွက်ကလေးများသည် မြေသို့ ကြွေကြလေသည်။

ထိုညောင်ရွက်ခြောက်များပေါ်တွင် နှောင်းခဲ့သောအချိန်ကမူ ချစ်သူနှစ်ဦး၏ ကြည်နူးဖွယ်ရာ တေးသံကို ကြားခဲ့ရလေသည်။ လူလောကတွင် ဘာမျှ နားမလည်ရှာသော ကလေးဘဝ အရွယ်မှာပင် မေတ္တာတေးကို သံပြိုင် သီကြွေးခဲ့ကြသည်။

တစ်ယောက်က 'အသက်'ဟုခေါ်လျှင်...

တစ်ယောက်က 'အတူး'ဟု ပြန်၍ထူးရမှ ကျေနပ်ကြသည်။

အသက်က 'အသက်'လောက်ချစ်ရှာသလို အတူးကလည်း သူ့အသည်းအိုးထဲတွင် 'တူး'နေအောင် ချစ်ရှာသည်။

တစ်သက်လုံး မခွဲဘူးဟူသော အဓိဋ္ဌာန်ကို ပြုခဲ့ကြသည်။ သည့်

mgyoe.com

mgyoe.com


အဓိဋ္ဌာန်၏ ခိုင်မြဲမှုကိုလည်း နှစ်ဦးစလုံးက ယုံကြည်စွဲမြဲခဲ့ကြသည်။

ယခုတော့လည်း သည်ယုံကြည်ချက်မှာ နှစ်ဦးစလုံးအတွက် ပျက်ရမလိုပင် ဖြစ်တော့သည်။ မမှန်းဆနိုင်သော အရပ်ဆီမှ တစ်ယောက်ကို တစ်ယောက် တသသ လွမ်းခဲ့ရသည်။ တငေးငေး မျှော်ခဲ့ရသည်။ တမှိုင်မှိုင် ဆွေးခဲ့ရသည်။ သည်လိုနှင့်ပင် ရက်တွေ ညောင်းခဲ့ရသည်၊ လတွေ ပြောင်းခဲ့ရသည်၊ နှစ်သစ်တွေ ကူးခဲ့ရသည်။

လတကူး ကူးခဲ့သည့်နှစ်ဦးမှာ ချစ်သူနှင့် ပျော်မြူးကြည်နူးရတော့မည်ဟု မျှော်ခဲ့ရသည်။ နှစ်ဦးတွင် ပန်းပိတောက်ရွှေဝါ အဖူးအပွင့်တွေ အဆင့်ဆင့် အခိုင်ခိုင်ကိုင်ရင်း မျှော်ခဲ့ရသည်။ ချစ်သူကား မပေါ်လာပေ။ ပန်းပိတောက်ရွှေဝါတို့သာလျှင် နွမ်း၍ခွေ၍ ပျောက်ကုန်တော့သည်။ ချစ်သူကိုကား မတွေ့ခဲ့ရပေ။

သည်လိုနှင့်ပင် နှစ်တွေပြောင်းခဲ့ရသည်။ ထိုကြောင့်လည်း အသက်အဖို့ ချစ်သူကိုလွမ်းတိုင်း သည်နေရာကလေးတွင် လာ၍ မျှော်လင့်ချက်ကင်းမဲ့စွာ ထိုင်၍နေမိရှာသည်။ သည်နေရာကလေး... သည်နေရာကလေး။ အသက်ရင်တွင်း၌ သည်နေရာကလေးကိုပင် တမ်းတနေရတော့သည်။ သည်နေရာကလေးမှာ ချစ်သူ၏ အတိတ်ကအရိပ်ကို မှုန်ဝါးဝါးမြင်၍ ရသည်။ ချစ်သူ၏ခြေရာကလေးကိုမှန်း၍ ကောက်ယူရသည်။ ချစ်သူ၏ အသံကို ခပ်ဝေးဝေးကခေါ်နေသလို ကြားလို့နေရသည်။

ဒါတွေကပင် အသက်၏ လွမ်းစိတ်ဆွေးစိတ်ကို ခဏအားဖြင့် နှစ်သိမ့်နိုင်လေသည်။ အမှန်ဆိုတော့လည်း နှစ်သိမ့်ရုံသက်သက်သာ ရခြင်းဖြစ်သည်။ တကယ်ကြတော့ အားလုံးမှာ မရှိသောအရာချည်းသာ ဖြစ်သည်။

ဟိုစဉ်က ချစ်သူ၏အသံကို ကြားရသည်။ ခုတော့ ရွက်ခြောက်များကို လေတိုးသည့်အသံသာ ကြားရတော့သည်။ ဟိုစဉ်က တစ်ယောက်ရင်ကို တစ်ယောက် ကပ်၍ တစ်ယောက်အသည်းကို တစ်ယောက် ထပ်ခဲ့ကြသည်။ ခုတော့ ခြောက်သွေ့နေသော မြေပေါ်တွင် သံစ်ရွက်ခြောက်ချင်းထပ်နေသည်ကိုသာ တွေ့ရလေသည်။

အမှန်တော့လည်း သည်နေရာကလေးကို နေ့တိုင်း လာ၍ ထိုင်ရ

mgyoe.com

mgyoe.com


ခြင်းမှာ အတူးအတွက်ပင် ဖြစ်သည်။ အတူးနှင့် ဝေးကွာရသည့်အချိန်များမှာ တကယ်ဆိုတော့ ပိုင်းခြား၍ ရသော်လည်း အသက်အဖို့ မရေတွက်မခန့်မှန်းနိုင်လောက်အောင် ကြာညောင်းစွာ မျှော်ခဲ့ပြီဟု ထင်မိလေသည်။ သည်နေရာကလေးကို လာ၍ထိုင်ရသည့်ရက်များကို လက်ချိုးတွက်ရေထားသော်လည်း အသက်အဖို့ ကမ္ဘာတည်လောက်အောင် ကြာရှည်ခဲ့ပြီဟုသာ ထင်မိသည်။

အတူးကို ပြန်၍ တသလွမ်းရသော အခါမှာလည်း သည်နေရာသို့ လာ၏။ အတူးနှင့် သူတို့၏ ဆော့ခဲ့ကြပုံ၊ ချစ်တင်းနှောခဲ့ကြပုံများကို အရိပ်ပမာ ပြန်၍ဖမ်းယူရပြန်သည်။ သည်လို ဖမ်းယူလိုက်ပြန်တော့လည်း မနေ့တစ်နေ့ကမှ ဖြစ်ခဲ့သလို အဟောင်းတို့သည် သစ်ဆန်းလန်းဆန်းခဲ့ကြပြန်သည်။

ထို့ကြောင့် အသက်မှာ စိတ်ညစ်သည့်အခါတိုင်း သည်နေရာသို့ လာခဲ့သည်။ ဒါကိုလည်း ငယ်ပေါင်းဖြစ်သူ စန်းရီက ရိပ်မိခဲ့သည်။

စန်းရီသည် သူ၏ ငယ်ပေါင်းဆွေဖြစ်ခဲ့သည်။ အတူးသည် သူ၏ ငယ်ကျွမ်းဆွေဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း ငယ်ကျွမ်းဆွေ အတူးအား တလွမ်းလွမ်းနှင့် မျှော်ရသည့်အခါတွင် ငယ်ပေါင်းဆွေ စန်းရီက ဖျောင်းဖျအားပေးတတ်လေသည်။ စန်းရီသည် အသက်၏မိတ်ဆွေကောင်းတစ်ယောက် ဖြစ်သည်။ စန်းရီသည် အသက်အတွက်ဆိုရင် ဦးမလေးတန်းကူညီတတ်သူ ဖြစ်သည်။ အသက် စိတ်ညစ်လျှင် စန်းရီက အလိုလို မနေတတ်မထိုင်တတ် ဖြစ်နေရှာသည်။

ထို့ကြောင့်လည်း အသက်မှာ တစ်ခါတစ်ခါ စန်းရီကိုပင် အားနာလာမိသည်။ စန်းရီ၏ ကျေးဇူးတရား၊ ခင်မင်တရားများက ပိုကဲနေတတ်သည်။ သည်ထက် ပိုကဲ၍လာသည့်အခါတွင် အသက်က မတုံ့ပြန်နိုင်မည်ကို စိုးရိမ်ရှာသည်။

ခုလည်း အသက်သည် တစ်ယောက်တည်း အဝေးမှ ချစ်သူကိုမျှော်ရင်း ဆွေးနေခိုက် စန်းရီက နောက်မှ လိုက်လာခြင်းဖြစ်သည်။ စန်းရီသည် ရုတ်တရက် အသက်ကိုကြည့်ရင်း အကဲခတ်နေရှာသည်။ အသက်

mgyoe.com

mgyoe.com

ကမူ စန်းရီကိုမြင်လိုက်မှ အတိတ်ကအဖြစ်များကို ပို၍ အမှတ်ရလာမိသည်။ အတူးရှိစဉ်က သူတို့သုံးယောက် ကစားခဲ့ကြပုံများကို တရေးရေး မြင်ယောင်၍လာတော့သည်။ ထို့ကြောင့်လည်း အသက်မှာ စန်းရီကိုကြည့်ရင်း ပို၍ပင် ဝမ်းနည်းလာရပြန်သည်။

'ကိုယ့်စိတ်ကိုများ ဖြေပါဦးတော့ အသက်ရယ်၊ နေ့တိုင်း ဒီမှာလာပြီး တမှိုင်မှိုင်နဲ့ဟာ မြင်ရတဲ့လူကတောင် စိတ်မချမ်းသာဘူး'

အသက်ကမူ ရုတ်တရက် ဘာမျှ ပြန်၍မပြောနိုင်သေးဘဲ တလိမ့်လိမ့် ကျလာသော မျက်ရည်များကိုသာ အင်္ကျီစတစ်ဖက်နှင့် သုတ်နေမိရှာသည်။

'ငါ ဖြေပါတယ်ကွယ်၊ ဒါပေမဲ့ သူ ငါ့ဆီကိုတောင် တစ်ခေါက်လာဖော်မရတော့ ငါဝမ်းနည်းမိတယ်'

'ဟဲ့...လာတယ်ဆိုတာက လာချင်ပေမဲ့လည်း မလွယ်ဘူး၊ ကျောင်းကတစ်ဖက် ရှိသေးတယ်၊ ပြီးတော့လည်း သူ့အဖေက လိုက်ပို့ဦးမှဖြစ်တာ'

'အေးလေ...ငါကတော့ သူ ငါ့ကိုမေ့သွားပြီလို့ပဲ အောက်မေ့တယ်၊ ရန်ကုန်သူ အချောအလှတွေ တွေ့တာနဲ့ ငါ့ကိုမေ့သွားပြီ စန်းရီရယ်'

အသက်သည် ဆက်၍ မပြောနိုင်ဘဲ ရှိုက်ငင်တကြီး ငိုလိုက်ပြန်လေသည်။

စန်းရီမှာ သည်တော့မှ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေတော့သည်။

'ကဲပါဟာ ငါပါ စိတ်မကောင်းအောင် ငိုမနေစမ်းပါနဲ့၊ နင့်အတွက်နဲ့ ဆေးကငါပါ ဘယ်လောက် စိတ်ဆင်းရဲနေရတယ်ဆိုတာ သိတယ် မဟုတ်လား'

'ငါသိပါတယ် စန်းရီရယ်၊ နင့်ကိုလည်း ငါအားနာပါတယ်၊ ငါ့ကံနဲ့ငါရှိပါစေ၊ ငါ့အတွက်နဲ့တော့ နင် ဘာမှ စိတ်မကောင်းစရာမရှိပါဘူး'

'ဟဲ့...ဘယ်လိုပြောတာလဲ အသက်ရယ်၊ နင့်အတွက် ငါက ဘာလို့စိတ်မကောင်းစရာ မရှိရမှာလဲ၊ သနားလို့ စိုးရိမ်လို့ နင့်နောက်ကို တကောက်ကောက် လိုက်နေရတာပေါ့၊ ငါ့စေတနာတော့ နင်နားလည်ဖို့ ကောင်းပါ

mgyoe.com

mgyoe.com


တယ်'

စန်းရီသည် အသက်ပြောလိုက်သော စကားကို စိတ်ကောက်ဟန်ဖြင့် ခပ်မူမူကလေး ညည်းလိုက်သည်။ အသက်ကမူ စန်းရီ၏အဖြစ်ကို ကြည့်ရင်း ကလေးငယ်ကဲ့သို့ နွဲ့ဆိုးဆိုးတတ်သော စန်းရီအဖြစ်ကို ကြင်နာစွာ ပြုံးလိုက်မိရှာသည်။

'သိပါတယ် စန်းရီရယ်၊ ငါပြောတာက နင့်စေတနာတွေကို မသိလို့ပြောတာ မဟုတ်ဘူး၊ ငါ့အတွက် နင်ဒုက္ခခံနေတာတွေကို အားနာလို့ ပြောနေတာ'

'ဒီမှာ အသက် ဘာမှ အားနာစရာမလိုဘူး၊ နင်စိတ်မချမ်းသာတာမြင်ရင် ငါ့ဝမ်းထဲမှာ အလိုလို ဘာဖြစ်လာသလဲမသိဘူး ငါဟာ ဟယ်... နင့်အပေါ်မှာ တကယ်ဆိုတော့ အတူးထက်တောင် စေတနာ ပိုချင်ပိုဦးမယ် နင်မယုံရင်သာ ရှိရမယ်'

စန်းရီသည် အသက်ကို အကဲခတ်ရင်း သူပြောလိုသော အဓိပ္ပာယ်ကိုဆွဲ၍ ပြောလိုက်လေသည်။ အသက်ကမူ စန်းရီ၏စကားကြောင့် နှုတ်ခမ်းကလေးများပင် စူ၍လာလေသည်။

'ဒီလိုတော့ မပြောပါနဲ့ စန်းရီရယ်။ အတူးဟာ ငါ့အပေါ်မှာ ဘယ်လောက် စေတနာရှိတယ်ဆိုတာ နင်လည်းအသိပါ'

'ငါက မသိဘူးလို့ပြောတာ မဟုတ်ပါဘူး။ ငါ့စေတနာကိုသာ နင် နားလည်စေချင်လို့ ပြောနေတာပါ။ ခုဆို ဘယ်မှာလဲ နင့်အတူးက ပေါ်များတောင်လာသေးလား။ ငါကသာ အနားက တစ်ဖဝါးမခွာနိုင်အောင် လိုက်နေရတာ။ ငါ စေတနာကိုတော့ နင်ယုံဖို့ ကောင်းပါပြီ'

'စိတ်ညစ်ရတဲ့အထဲမှာ စန်းရီရယ်။ ငါ့ကို တောင်ပြောမြောက်ပြော လျှောက်ပြောမနေစမ်းပါနဲ့။ အတူးဟာ ဘယ်လိုပဲဖြစ်နေနေ ငါ့ကို သူ မေ့ချင်လည်း မေ့ပါစေ။ ငါ့တစ်သက်မှာ အတူးကလွဲလို့ ဘယ်သူ့ကိုမှ အစားထိုးလို့မရပါဘူး။ ငါ့တစ်သက်လုံးမှာ အတူးတစ်ယောက်ကိုပဲ သေအထိ ချစ်သွားမယ်'

အသက်သည် သူ၏ အောက်နှုတ်ခမ်းပါးကလေးကို ခပ်တင်းတင်း

mgyoe.com

ကိုက်ရင်း ရင်တွင်းမှရှိုက်သံဖြင့် ပြောလိုက်လေသည်။ စန်းရီမှာလည်း အသက်၏စိတ်ကို သိနေသည့်အတိုင်း နောက်ထပ် ဘာမျှမပြောရဲတော့ပေ။

'အေးပါလေ နင်စိတ်ချမ်းသာဖို့ ပြောတာပါ။ ငါကတော့ အတူး ကိုလည်း ဘယ်လိုမှ မအောက်မေ့ပါဘူး။ ခုတောင် ငါရန်ကုန်သွားမလို့။ အဲဒါ အတူးဆီ ဘာများမှာဦးမှာလဲလို့ လာပြီးမေးတာ'

စန်းရီ၏စကားကြောင့် အသက်၏ မျက်နှာကလေးမှာ ဝင်း၍လာသည်။ မျက်လုံးများမှာ ပို၍ အရောင်တောက်လာတော့သည်။

'ဟင်...နင် ရန်ကုန်သွားမလို့ ဟုတ်လား။ ဒါဖြင့်ဟယ် အတူးကို မတွေ့တွေ့အောင် ရှာခဲ့စမ်းပါ။ ပြီးတော့လည်းလေ ငါဟာ ဒီနေရာကလေး ကို နေ့တိုင်းလာပြီး သူ့ကိုမျှော်ရတဲ့အကြောင်းကိုကွယ် အစုံပြောပြလိုက်စမ်း ပါ။ ငါလည်း သူ့ဆီကို စာရေးပေးလိုက်ပါ့မယ်'

စန်းရီမှာ အသက်၏အဖြစ်ကိုကြည့်ရင်း သနားမိသည်။ ရယ်ချင် သလိုလည်း ဖြစ်သည်။ အတူးနှင့်တွေ့ရမည့် သူ့ကိုပင် သူ့မှာ အတူးနှင့် တွေ့နေရသလို ပျာပျာသလဲ ဖြစ်နေရှာသည်။

'ငါနားလည်ပါတယ် အသက်ရယ်။ ဒါကြောင့် နင့်ဆီကို တမင် လာတာပေါ့။ ဟိုကျတော့ နင် မမှာလည်း ငါက အပိုချဲ့ပြီးပြောမှာပါ။ စိတ်ချပါ တတ်နိုင်ရင် သူ့ကို အပါခေါ်ချင်ခေါ်ခဲ့မှာပါဟယ် စိတ်ချပါ"

'အေးပါဟယ်...အတူးကို မရအရ ခေါ်ခဲ့စမ်းပါ။ ငါဟာ သူ့စိတ်နဲ့ ဘယ်လောက် ဆင်းရဲနေရသလဲဆိုတာ နင် ရေလည်အောင် ရှင်းပြစမ်းပါ။ သူ ငါ့အဖြစ်ကိုသိရင်တော့ နေနိုင်မှာမဟုတ်ပါဘူး။ နောက်ဆုံး သူက မေ့သွားတောင် ငါ့တစ်သက်မှာ သူ့ကို ဘယ်တော့မှ မမေ့နိုင်တဲ့အကြောင်း ကိုလည်း ပြောပြလိုက်စမ်းပါ'

အသက်သည် ပြောနေရင်းမှ အသံကလေးများ တုန်လာရင်း မျက်ရည်များပင် ဝေ့၍လာလေသည်။

'ကဲ...မရွှေစာ ငိုတော့ငိုမနေပါနဲ့၊ ဟိုကျရင် နင်မှာတာတွေပါ အားလုံးပြောပြပါမယ်၊ ပြီးတော့ အတူးဟာလည်း ငါနဲ့ သူငယ်ချင်းပဲဟာ ငါ သူ့ကို ရေလည်အောင် ပြောပြမှာပေါ့။ နောက်ဆုံး သူ့ကို ငါ ဒီပါလာ

mgyoe.com

mgyoe.com


အောင်တောင် ခေါ်ခဲ့ဦးမှာပဲဟာ၊ စိတ်ကို အေးအေးထားစမ်းပါ'

သည်တော့မှ အသက်မှာ စိတ်သက်သာရသလို သူ့မျက်ရည်ကလေးများကို မျက်တောင်ကော့ကလေးများဖြင့်ခတ်၍ ထုတ်လိုက်ရှာသည်။ ပြီးတော့လည်း စန်းရီအား မချိပြုံး ပြုံးကလေး ကြည့်လိုက်မိရှာသည်။

'နင် ဘာကိစ္စ ရန်ကုန်ကိုသွားမှာလဲဟင်'

'ငါလား ဓာတ်ပုံဆိုင်ဖွင့်မလို့ ဓာတ်ပုံပစ္စည်းတွေ ဝယ်ရအောင် ရန်ကုန်ကိုသွားတာ'

'မြန်မြန်ပြန်ခဲ့ပါဟယ်၊ အတူးကိုတွေ့ပြီး မြန်မြန်ပြန်ခဲ့ပါ၊ အတူးက ဘာတွေပြောလိုက်သလဲဆိုတာ ငါသိချင်လွန်းလို့ပါ'

စန်းရီသည် အသက်အား ခေါင်းတခါခါနှင့် ကြည့်ရင်း...

'ဟုတ်တယ်...ခင်ဗျားက ခင်ဗျားကိစ္စလောက်ပဲ သိနေ ကျုပ်မှာ အလုပ်ကတစ်ဖက်နဲ့ ဓာတ်ပုံပစ္စည်းဝယ်တယ်ဆိုတာ လွယ်တာမဟုတ်ဘူး၊ ဒီအထဲ ခင်ဗျားမောင်တော်ဆီ သွားတွေ့ရဦးမှာ၊ တစ်ခေါက်နဲ့မတွေ့ နောက်တစ်ခေါက်သွားရမှာ၊ အားလုံးကိစ္စပြီးမှ ပြန်နိုင်မှာ...'

အသက်မှာ စန်းရီပြောမှ သူ့အဖြစ်ကို သူသတိရမိတော့သည်။ သူ့စိတ်ထဲတွင် သူ့အတူးနှင့် တွေ့မည်ဆိုလျှင် အတူး အကြောင်းများကို အမြန်သိချင်နေရှာသည်။ ထိုကြောင့်လည်း စန်းရီကိစ္စကိုပင် သတိမထားနိုင်ဘဲ သူ့ကိစ္စလောက်သာ လော၍ပြောလိုက်မိခြင်း ဖြစ်သည်။

'ဟုတ်ပါတယ် စန်းရီရယ်။ ငါက လောကြီးသွားလို့ လွှတ်ခနဲ ပြောလိုက်မိတာပါ။ နင်ကိစ္စလည်း ပြီးမှလာ။ ပြီးတော့ အတူးလည်းမတွေ့ ဘဲနဲ့ မပြန်ခဲ့နဲ့ သိလား'

'စိတ်ချပါဟာ ငါတွေ့ပြီးမှပြန်ခဲ့မှာပါ။ ကဲ...သွားကြရအောင် မိုးချုပ်နေပြီ၊ ဒေါ်ဒေါ် စိတ်ပူနေရော့မယ်'

အသက်သည် ထိုင်နေရာမှ ခပ်ဖြည်းဖြည်း ထလိုက်လေသည်။ စန်းရီက ရှေ့မှ အသက်ကို စောင့်၍ခေါ်နေသဖြင့်လည်း အသက်မှာ သူ စွဲလမ်းနှစ်သက်နေသော နေရာကလေးမှ မခွဲချင်မခွာချင်နဲ့ လိုက်ခဲ့ရလေသည်။

mgyoe.com

mgyoe.com

# [ ၄ ]

အတူးကို မြင်လိုက်ရတော့ စန်းရီမှာ ရုတ်တရက် မမှတ်မိနိုင်သလို ငေး၍ကြည့်နေမိသည်။ ငယ်စဉ်က အတူးနှင့် ခုအတူးမှာ ကွာခြားလှသည်။ ရန်ကုန်သွေးဝနေ၍လားမသိ။ အတူးမှာ မမှတ်နိုင်လောက် ထွားကျိုင်းနေတော့သည်။ အသားအရေမှာ ငယ်စဉ်ကထက် ဝင်းစို၍လာသည်။ ဝတ်ပုံစားပုံမှာလည်း သပ်ရပ်လှပေသည်။ စန်းရီက အတူးကိုမြင်လျက်နှင့် ကြောင်နေစဉ်မှာပင် အတူးကလည်း စန်းရီအား ရုတ်တရက် အံ့အားသင့်သလို ငေး၍ ကြည့်နေမိရှာသည်။

'ဟော့...အတူး'

'ဟော့...စန်းရီ၊ မင်း ဘယ်တုံးက ရောက်သလဲ၊ ဘာကိစ္စလာသလဲ၊ အသက်တစ်ယောက်ကော နေကောင်းရဲ့၊ ငါ့ကိုမှ သတိရရဲ့လား၊ ဘာမှာလိုက်သေးသလဲ'

'အေး...အေး အကုန်လျှောက်မေး၊ မင်းတို့နှစ်ယောက်ဟာ အတူတူပဲ၊ တစ်ယောက်ကလည်း ရန်ကုန်လာမယ် ပြောလိုက်ခါရှိသေး တတွတ်တွတ် မှာလိုက်တာ ဘာပြန်ပြောမှန်းတောင် မသိဘူး။ မင်းကလည်း လူမှ

mgyoe.com

mgyoe.com


တွေ့ကာ ရှိသေးတယ်။ မေးလိုက်တဲ့မေးခွန်းတွေက ဘာဖြေရမှန်းတောင် မသိတော့ဘူး'

စန်းရီသည် အတူးဘေးတွင် စိတ်ပျက်ဟန်ဖြင့် ခပ်ဆောင့်ဆောင့် ထိုင်လိုက်လေသည်။ အတူးက စန်းရီ၏ ပခုံးကိုကိုင်လိုက်ရင်း...

'အေးပါကွာ ငါကလည်း မင်းကိုတွေ့တော့ ဝမ်းသာအားရဖြစ်ပြီး သိချင်လွန်းလို့ မေးမိတာပါ။ ကဲပါကွာ ငါသိချင်တာကို အရင် ပြောစမ်းပါဦး။ အသက်တစ်ယောက် ကျန်းကျန်းမာမာပဲနော်။ ငါ့ကိုများ အမှတ်ရရဲ့ မဟုတ်လားဟင်'

အတူးသည် မေးရုံနှင့် အားမရသေးဟန်ဖြင့် စန်းရီအား အလွန် သိလိုသော မျက်လုံးများဖြင့် ငေး၍ကြည့်နေမိရှာသည်။

'အမှတ်ရလား ဘာလားတော့ မေးမနေနဲ့။ အသက်ဟာလေ မင်းနဲ့ ကွဲနေတဲ့အချိန်ကစပြီး နေ့တိုင်း တို့ကစားနေကြ ညောင်ပင်ကြီးအောက်မှာ မင်းကို မျှော်ရတာအမောပဲ။ ကောင်မလေးဟာ မင်းစိတ်နဲ့ တော်တော်ကို ထိခိုက်နေရှာတယ်။ မင်း သူ့ကို မေ့သွားပြီ မှတ်ပြီးတော့လည်း အားငယ် နေရှာတယ်'

စန်းရီသည် ပြောနေရင်းက သူကိုယ်တိုင်ပင် အသက်အတွက် စိတ်မကောင်းဟန်ဖြင့် မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်ပြန်သည်။ အတူးကမူ စန်းရီကိုကြည့်ရင်း အသက် ကလေးအား တသသ ပြန်၍လွမ်းမိ ရှာသည်။

'ငါ့ကိုရော ဘာများ မှာလိုက်သေးလဲ'

'မှာတာတော့ စုံလို့ပါပဲကွယ်။ မင်း သူ့ကို အမှတ်ရသေးရဲ့လား တဲ့။ သူ မင်းအတွက် ဘယ်လောက် စိတ်ဆင်းရဲနေရတယ်ဆိုတဲ့ အကြောင်း တွေစုံလို့ပါပဲ။ စာလည်းပေးလိုက်တယ်။ စာသာဖတ်ကြည့်ပေတော့'

စန်းရီသည် အိတ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်၍ အတူးအား လှမ်းပေးလိုက်သည်။ အတူးသည် စန်းရီပေးလိုက်သော စာကလေးကို အမြတ်တနိုး လှမ်းယူလိုက်ရင်း ဖောက်၍ဖတ်ကြည့်လိုက်သည်။

mgyoe.com

mgyoe.com

အတူး...

*အသက်ကို အမှတ်ရသေးရဲ့လား အတူးရေ။ အသက်တစ်ယောက်ဖြင့် အတူးကို နေ့စဉ်ပဲ လွမ်းရတာ အမောပဲ။ တစ်ရက်က တစ်ရက်၊ တစ်လက တစ်လ၊ တစ်နှစ်က တစ်နှစ်။ ဒီလိုပဲ အတူး သင်ပေးသွားတဲ့ ရည်းစားမျှော်ကလေးနဲ့ မျှော်နေရတော့တာပဲ။ အချိန်ရှိသမျှ အတူးကို လွမ်းနေရတာ။ အတူး ဘယ်နေ့များ ပေါ်လာလာမလဲဆိုတာ စောင့်နေရတာပဲ။ အတူးကတော့ အသက်ကို အမှတ်မှ ရသေးရဲ့လား ဟင်။ ရန်ကုန်သူချောချောကလေးတွေ တွေ့သွားလို့ အသက်ကိုများ မေ့နေပြီလား။ အသက်ကတော့ သေသည်အထိ အတူးကို မမေ့နိုင်ဘူး၊ အမြဲချစ်နေမှာပဲ။ အသက်ကို ချစ်ရင် အသက်တို့ အရင်ပျော်ခဲ့ကြတဲ့ နေရာကလေးကို ပြန်လာပါဦးလား အတူးရေ။ အသက်ကို သနားရင် အသက်ကို လာတွေ့လှည့်ပါ။ အသက်က မိန်းမသားမို့ပါ အတူးရယ်။ နို့မို့ရင် အတူးကို အသက်က အရင်ပြေးပြီး အတူးရှိတဲ့နေရာကို လာတွေ့မှာပါ။ အသက်လေ အတူးမျက်နှာကလေးကို မြင်ချင်လှပြီ။ ခုဆိုရင် အတူးတို့က မြို့ကြီးမှာနေရတော့ သိပ်လှ သိပ်ချောနေမှာပဲ။ အသက်တော့လေ အတူးမျက်နှာကလေးကို မြင်လိုက်ရင် အသက်စိတ်ပင်ပန်းခဲ့ရသမျှတွေဟာ အားလုံး ပျောက်သွားမှာပဲ အတူးရေ။ အသက်ကို တစ်သက်လုံး မခွဲဘူးဆိုတဲ့ အတူးကသာ အသက်ကို ခွဲသွားရင် အသက်သေရမှာပါပဲ အတူးရယ်။ အသက်ကို သနားပါနော်။*

*အတူးရဲ့*
*အသက်*

အတူးသည် စာကိုဖတ်ရင်း အသက်အား ကရုဏာစိတ်များ ကြင်နာသနားစိတ်များ တဖွားဖွား ပေါ်၍လာမိသည်။ ငယ်စဉ်က ချစ်ခဲ့ကြပုံ၊

mgyoe.com

mgyoe.com


တစ်ယောက်နှင့်တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်ပုံများကိုလည်း တရေးရေး ပေါ်၍လာသဖြင့် သူ့ရင်ဘတ်ထဲ တမြည့်မြည့် ဆွေး၍လာရှာတော့သည်။

စန်းရီကမူ အတူးအဖြစ်ကို မှုသက်မသာ ကြည့်၍နေမိသည်။ ပြီးတော့လည်း အတူးအား သူအပြန်တွင် အပါခေါ်ခဲ့ရန် အကြံထုတ်နေမိပြန်သည်။

'အသက်ကို ငါ တစ်သက်လုံး မခွဲနိုင်ဘူးကွာ။ ခုသာ ဖေဖေက ဘယ်မှမသွားရဘူးဆိုလို့ မလာဘဲနေရတာ၊ ဖြစ်တဲ့နည်းနဲ့တော့ အသက်ကို တွေ့ရအောင်လာမှာပဲ'

'အေး…မင်း လိုက်နိုင်ရင်တော့ အကောင်းဆုံးပဲ။ မင်းမပါလာရင် အပြန်မှာ ငါတောင် အသက်ကို ဘယ်လိုပြောရမယ်ဆိုတာ မသိဘူး။ အသက်က မင်းကိုခေါ်ခဲ့ဖို့၊ သူဟာ မင်းကို ဘယ်လောက်လွမ်းရတဲ့အကြောင်း ပြောလိုက်၊ မှာလိုက်တာများ ငါတောင် နားငြီးလာတယ်။ အဲဒါ မင်း ကြည့်ပြီး စီစဉ်ပေတော့'

အတူးသည် အိမ်ကထွက်ရေးကို အကြံထုတ်ရင်း ခေါင်းကို ကုတ်လိုက်မိသည်။ စန်းရီကလည်း အတူး အိမ်ကထွက်၍ ကောင်းအောင် မည်သို့ကြံရမည်ကို စဉ်းစားနေမိသည်။

'မင်း ဘယ်တော့ပြန်မှာလဲ'

'ငါ နက်ဖြန်…'

'ငါ့ကို တစ်ရက်စောင့်ပါဦးကွာ။ ငါတို့ကျောင်းက ဆရာတွေရော၊ ကျောင်းသားတွေပါ စုပြီး ဒေသန္တရ ခရီးထွက်လိမ့်မယ်။ အဲဒါအစတော့ ငါ မလိုက်ဘူးလို့ ပြောထားတာ ခုမှအကြံရတယ်။ အဲဒီကို သွားမယ်လို့ ဒက်ဒီကိုဖြီးမယ်။ ပြီးမှ ငါ မင်းနဲ့အတူလိုက်မယ်'

စန်းရီသည် အတူး၏စကားကို စိတ်ဝင်စားနေရင်းမှ တစ်စုံတစ်ယောက်ကို မြင်လိုက်ရသဖြင့် ထူးဆန်းအံ့ဩနေသလို ဖြစ်နေသည်။

အတူးသည် စန်းရီ၏ အမူအရာကိုကြည့်ပြီးလျှင် နားမလည်သလို ဖြစ်နေရှာသည်။

mgyoe.com

mgyoe.com


'ဟော့ကောင် ငါပြောတာကော ကြားရဲ့လား'

'ကြားပါတယ်ကွာ၊ ဒါပေမဲ့ ဟိုမှာ အထူးအဆန်းတွေ့နေလို့၊ သူက ဘယ်သူလဲကွ'

အိမ်ရှေ့ပေါက်မှ ဧည့်ခန်းကိုဖြတ်၍ ဝင်သွားသော မိန်းမပျိုတစ်ဦးကို လှမ်း၍ပြရင်း စန်းရီက တအံ့တသြ မေးလိုက်လေသည်။

'ဒါက ငါ့အစ်မလေ။ မြင့်မြင့်ဌေးဆိုတာပေါ့'

'ဟော့...မင်း ဘယ်တုံးက အစ်မရှိဖူးလဲ၊ မင်းအမေဆုံးတာပဲ ကြာပေါ့ဟာ၊ ဘယ်တုံးကများ ဒီအစ်မက ရလာရတာလဲ'

'သြော်...မင်းကလည်း အ ပေ့ကွာ၊ အက်ဒီ နောက်မိန်းမယူလိုက်တယ်၊ သူက ဒက်ဒီ နောက်မိန်းမကပါတဲ့ သမီးကြီးပေါ့ကွာ'

'ဟော...ဒါဖြင့် ခုမှပဲ ရှင်းတော့တယ်။ ဒါဖြင့် မင်းနဲ့သူနဲ့ကရော ဘယ်လိုလဲ၊ နောက်ကြောင်း ရှင်းမှရှင်းရဲ့လားကွာ'

'အို...မင်းကလည်း မောင်နှမပါဆို၊ ကဲပါ ဒါက အသာထားစမ်းပါ၊ ငါ့ အစီအစဉ်ကောင်းရဲ့လား'

'ကောင်းပါတယ်ကွာ၊ မင်းလိုက်ဖြစ်ရင် ပြီးတာပဲ၊ ဘယ်လိုပဲ စီစဉ်စီစဉ်ပေါ့'

'ဟော့...ဖေဖေလာနေပြီ၊ အသာနေ ငါ မင်းရှိတုန်း ဖြီးလိုက်မယ်'

ဦးလှဖေ အတွင်းခန်းမှ ဧည့်ခန်းတွင်းသို့ ဆေးပြင်းလိပ်ကိုခဲရင်း ဝင်၍လာလေသည်။ ပြီးတော့လည်း စန်းရီအား လှမ်း၍ အကဲခတ်လိုက်ရင်း...

'ဟော့...ဒီသူငယ်က ဘယ်သူလဲကွဲ့'

'အတူးတို့ကျောင်းက အတူး သူငယ်ချင်းလေ'

'သြော်...မင်းသူငယ်ချင်းလား၊ ဦးက မမြင်ဖူးလို့မေးတာ'

'ဟုတ်တယ်၊ ဒက်ဒီ သူက ဘယ်မှ ထွက်တာမဟုတ်ဘူး၊ ခုလည်း ကိစ္စရှိလို့လာတာ၊ အတူးတို့ကျောင်းက ကျောင်းပိတ်ရက်အတွင်း ပုဂံ ၊ ညောင်ဦးဘက်ဆီ ဒေသန္တရဗဟုသုတ အရှာထွက်မယ်လို့၊ အဲဒါ အတူးကို လိုက်ဖြစ်အောင် လိုက်ခဲ့ဖို့ လာခေါ်တာ ဒက်ဒီ'

mgyoe.com

mgyoe.com


'ဟုတ်ပါတယ်ခင်ဗျာ၊ တန်ခိုးကြီးဘုရားတွေလည်းဖူးရ၊ ဒေသန္တရ ဗဟုသုတလည်း ရအောင်ဆိုပြီး အပါခေါ်နေတာပါ၊ ဆရာတွေကိုယ်တိုင်က ခေါင်းဆောင်ပြီး သွားမှာမို့ စိတ်မချစရာလည်း မရှိပါဘူး'

စန်းရီသည် အတူးပြောလိုက်သည့်အတိုင်းပင် ခပ်တည်တည် ဖြန်း၍ ပြောလိုက်ရလေသည်။

'ဪ...ဒေသန္တရ ဗဟုသုတဆိုတော့ ဦးလည်း သဘောကျတယ်။ အလကား လျှောက်လည်ရင်သာ ဦးကမကြိုက်တာ၊ ဘယ်တော့လောက် ခရီးထွက်ရမှာလဲ'

'သန်ဘက်ခါမနက် ထွက်ရမယ်ခင်ဗျာ၊ အားလုံး စီစဉ်လို့ ပြီးကုန်ကြပြီ'

'ကျွန်တော် လိုက်သွားပါရစေ ဒက်ဒီ'

'အေး...လိုက်သွားပေါ့ကွာ၊ ပြင်စရာရှိတာကို မင်းမမကို ပြောထားပေါ့'

ဦးလှဖေက ခုလို ကြည်ကြည်ဖြူဖြူ ခွင့်ပြုပေးလိုက်သဖြင့် အတူးရော စန်းရီပါ ဝမ်းသာအားရ ဖြစ်နေကြသည်။ စန်းရီက အတူးအား လက်ကုတ်လိုက်သော်လည်း အတူးက ဦးလှဖေရှိနေသဖြင့် ဣန္ဒြေမပျက် ဟန်လုပ်၍ နေလိုက်ရသည်။ ဦးလှဖေ ထွက်သွားမှပင် အတူးနှင့် စန်းရီမှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း ကျေနပ်စွာ ပြုံးလိုက်ကြသည်။

'ကဲ...ငါလစ်မယ်၊ ဝယ်စရာ ခြမ်းစရာလေးက ရှိသေးတယ်'

'အေး...ဒါဖြင့် သန်ဘက်ခါမနက် မင်းလာခေါ်ကွာ'

'အေးပေါ့၊ ငါ အစောကြီးလာခေါ်မယ်'

စန်းရီ ထွက်သွားသောအခါ အတူးသည် သူ့အခန်းတွင်းသို့ဝင်၍ ယူမည့်ပစ္စည်းများကို သီချင်းတအေးအေးဖြင့် သားရေသေတ္တာထဲသို့ ထည့်ထားလိုက်လေသည်။

အပေါက်ဝမှ မြင့်မြင့်ဌေးသည် အတူးကိုကြည့်ရင်း ပြုံးနေမိသည်။ အတူးကမူ မြင့်မြင့်ဌေး အနားရောက်လာသည်တိုင်အောင် မသိသေးပေ။

mgyoe.com

mgyoe.com


ခုတင်ပေါ်တွင် သူတစ်ယောက်တည်း စိတ်ကူးယဉ်၍ သားရေသေတ္တာကိုသာ စိတ်ကြိုက်ပြင်နေလိုက်ရင်းက သင်းပျံ့သော အနံ့ကလေးကို ရလိုက်သဖြင့် ခေါင်းကိုမော်၍ ကြည့်လိုက်မိလေသည်။

မြင့်မြင့်ဌေးသည် အတူးအား အပေါ်မှမိုး၍ ပြုံးချိုစွာ စိုက်၍ကြည့်နေလိုက်သည်။ မြင့်မြင့်ဌေး၏ ကိုယ်ဟန်မှာ ကြွားလွန်းလှသည်။ ကျယ်ပြည့်ညီညာသော ပခုံး၊ ဖြိုးဖြိုးမောက်နေသော ရင်၊ လုံးကျစ် ချောမွတ်သော လက်မောင်းအိုးကလေးများက မြင့်မြင့်ဌေး၏ အလှကျက်သရေကို ဖြိုးမောက်စေသည်။ သူ၏အလှနှင့် ကိုယ်ဟန်က ကြွားသလောက် သူ့မျက်လုံးများမှာ ကရုဏာအပြည့်လွှမ်း၍နေသည်။ နှုတ်ခမ်းလွှာနှစ်ခြမ်းက ချစ်စရာကောင်းလှသည်။

'တစ်ခါတည်း အပြင်ထွက်ရမယ်ဆိုရင် ပျော်နေတာပဲ၊ အိမ်မှာနေရင် ကြက်နာကြီးလို တမှိုင်မှိုင်တငိုင်ငိုင်နဲ့'

'ဘာလဲ မမမြင့်က လူကိုပဲ အမြဲရန်ရှာနေတာပဲ'

'ရန်ရှာတာ မဟုတ်ပါဘူးကွယ်၊ အတူးနေပုံကို မမမြင့်က အားမရလို့ ပြောတာပါ။ ကဲပါ...မမမြင့် ထည့်ပေးပါမယ်'

မြင့်မြင့်ဌေးသည် အတူးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်၍ထိုင်လိုက်ရင်း အဝတ်များကို သပ်သပ်ရပ်ရပ် ပြန်၍ ခေါက်ပေးနေပြန်သည်။

တစ်ယောက်နှင့်တစ်ယောက် ယှဉ်၍ ထိုင်နေကြသဖြင့် ပခုံးစွန်းချင်း တစ်ခါတစ်ခါ ထိသွားသည်တွင် အတူးက ကိုယ်ရှိန်ကိုသတ်လိုက်ရသည်။ မြင့်မြင့်ဌေးကမူ သူ့အား ရင်းရင်းနှီးနှီး ဆွဲလိုက်ယမ်းလိုက် လုပ်တတ်သူဖြစ်၍ ဘာမျှ မထူးခြားသော်လည်း အတူးကမူ သူ့စိတ်သူ အမြဲတမ်းထိန်း၍ ထားတတ်လေသည်။

အတွင်းခန်းတွင် သားနှင့်သမီး၏ အရိပ်အခြည် ကြည့်၍ မြင့်မြင့်ဌေး၏မိခင်ဖြစ်သူ ဒေါ်လှိုင်က ကျေနပ်စွာ ပြုံးလိုက်မိသည်။ ဒေါ်လှိုင်သည် အတွင်းခန်းကို အရိပ်အခြည်ကြည့်ရင်း အပြင်ဘက် ဧည့်ခန်းသို့ ထွက်လာခဲ့သည်။

ဦးလှဖေသည် အပြင်ဘက် ဧည့်ခန်းတွင် ဆေးပြင်းလိပ်ကိုသာ

mgyoe.com

mgyoe.com


မီးခိုးထောင်းထောင်း ထွက်အောင် ဖွာနေရင်းက တစ်စုံတစ်ခုကို အတွေး နက်နေဟန်ရှိသည်။ ဒေါ်လှိုင်သည် ဦးလှဖေ၏ဘေးတွင် ဝင်၍ထိုင်လိုက် ရင်း လက်ထဲမှ ကိုင်ထားသောစာကို မသကာ်သလို ကြည့်လိုက်မိသည်။

'ဘာစာများလဲ ကိုလှဖေရဲ့'

'သူငယ်ချင်း တစ်ယောက်ဆီကစာပါ မလှိုင်ရယ်၊ ကျုပ် ငယ်ငယ်က အလုပ်လုပ်ရင်း ဘိုကလေးမှာ သိခဲ့ရတဲ့ မိတ်ဆွေတစ်ယောက်ဆီကပါ၊ သူက သားရေးသမီးရေးအကြောင်း စကားစေ့စပ်တာပါ'

'ဟင်...အတူးကို မိန်းမပေးစားတော့မလို့လား'

'ဟိုတုန်းက စကားစခဲ့ဖူးခဲ့တယ်၊ ဒါကြောင့် အစဉ်းစားရ ခက်နေ တာပေါ့'

ဒေါ်လှိုင်သည် သူ့ဆန္ဒကို ဖွင့်၍ပြောချင်သော်လည်း ပြောသင့် မပြောသင့်ကို စဉ်းစားနေမိသည်။ ထိုစဉ်မှာ မြင့်မြင့်ဌေးသည် သူ့မေမေ၏ ကုလားထိုင်ဘေးတွင် မှီ၍ရပ်လိုက်သည်။ ဦးလှဖေက မြင့်မြင့်ဌေးအား တစ်စုံတစ်ခုကို မေးမည်ကဲ့သို့ လှမ်း၍ကြည့်လိုက်သည်။

'ဘာတွေများ နှစ်ယောက်တည်း ကျိတ်ပြီးတိုင်ပင်နေတာလဲ ဒက်ဒီရဲ့'

'ဘာမှ မဟုတ်ပါဘူး သမီးရဲ့၊ အတူးကို စေ့စပ်ဖို့ သူငယ်ချင်း တစ်ယောက်ဆီကစာလာလို့ သမီးမေမေကို တိုင်ပင်နေတာ'

မြင့်မြင့်ဌေးသည် အံ့ဩဟန်ဖြင့် ခေါင်းကလေးကို ရှေ့သို့ငဲ့လိုက် ရင်း...

'ဟင်...ကျောင်းနေတုန်းရှိသေးတာပဲ၊ မိန်းမပေးစားလို့ ဘယ်ဖြစ် မလဲ ဒက်ဒီရဲ့၊ မိန်းကလေးက ဘယ်ကလဲ... ပစ္စည်းချမ်းသာရဲ့လား'

'ပစ္စည်းတော့ ချမ်းသာတယ် ဘယ်ဟုတ်မလဲကွယ်၊ နေနိုင်စားနိုင် ပေါ့'

'အို...ဒါဖြင့် ဘာလို့ ပေးစားရမှာလဲ၊ မိန်းမပေးစားတယ်ဆိုတာ ပစ္စည်းရင်ချမ်းသာမှ ပညာရင်တတ်မှ ဒီလိုမဟုတ် ဘယ်ပေးစားနိုင်မလဲ'

ဦးလှဖေသည် ဒေါ်လှိုင်အား အဓိပ္ပာယ်ပြည့်ဝစွာ လှမ်း၍ကြည့်

mgyoe.com

mgyoe.com


လိုက်မိသည်။ ဒေါ်လှိုင်ကလည်း ဦးလှဖေက သူ၏ဆန္ဒကို သိလိုမှန်း ရိပ်မိလိုက်လေသည်။

'မလှိုင်သဘောက ဘယ်လိုလဲ ပြောပါဦး၊ ကျုပ်တို့မှာ တိုင်ပင်စရာဆိုတာ ဒါပဲရှိတာပဲ၊ ပွင့်ပွင့်လင်းလင်းသာ ပြောပေါ့'

'ကျွန်မသဘောကတော့ ပညာသင်တုန်းမှာ လက်မခံစေချင်ဘူး၊ ပြီးတော့လည်း အတူးက အငယ်လေး ရှိသေးတာပဲ'

'မလှိုင်တို့ သဘောမတူရင် စာပြန်လိုက်ရုံပေါ့ ဟုတ်ဖူးလား၊ ကျုပ်လူကြီးစုံရာမှာ စေ့စပ်ထားတာမှမဟုတ်ဘဲ၊ ဘာမှတော့ မျက်နှာပျက်စရာမရှိပါဘူး ဟုတ်ဖူးလား'

ဒေါ်လှိုင်နှင့် မြင့်မြင့်ဌေးမှာ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း အဓိပ္ပာယ်နှင့် ပြုံး၍နေလိုက်သည်။ အိမ်တွင်းမှအတူးက အပြင်ဘက်က အကြောင်းကို ဘာမျှမသိလိုက်ပေ။ သူ့အတွေးနှင့်သူ သီချင်းတအေးအေးဖြင့် သွားဖို့ရန် ကြိုတင်ပြင်နေလေတော့သည်။

* * *

mgyoe.com

mgyoe.com

[ ၅ ]

သင်္ဘောကလေးကမူ ဥဩကို ခပ်ပြင်းပြင်းမှုတ်ရင်း ဘိုကလေးမြို့သို့ဝင်၍ ကပ်လိုက်သည်။ အတူးသည် အသက်လာ၍ မကြိုမှန်းလည်း သိ၍ထားသည်။ သူလာမည့်ရက်ကိုလည်း အသက်က သိရှိမည် မဟုတ်ပေ။ သို့ပေမဲ့ သင်္ဘောဆိပ်လူအများထဲ အသက်ကို တွေ့လိုတွေ့ငြား ရှာ၍ကြည့်မိသည်။

ဘိုကလေး သင်္ဘောဆိပ်မှာ စည်ကားလှပေသည်။ ထင်းလှေများ၊ ကုန်လှေ၊ ဆန်လှေများမှာ မြို့ကမ်းခြေတွင် အတန်းလိုက်စီ၍ ဆိုက်ထားကြသည်။ သင်္ဘောပေါ်မှ ကြည့်လိုက်ပြန်တော့လည်း အိမ်ခေါင်မိုးများနှင့် ဆန်စက်ခေါင်းတိုင်များကို မှုန်မှိုင်းမှိုင်း မြင်ရလေသည်။ သည်အထဲကပင် အသက်တို့ အိမ်ကလေးရှိရာသို့ မှန်းဆ၍ကြည့်လိုက်မိသည်။ အသက်၏ သနားဖွယ်ရာ မျက်နှာကလေးကို တရေးရေး မြင်ယောင်၍လာသည်။

သင်္ဘောဆိုက်သောအခါ အတူးသည် လူအုပ်ထဲမှ အလုအယက် ဆင်း၍ ကုန်းပေါ်သို့ တက်ခဲ့လေသည်။ စန်းရီကမူ အတူးကို မှီအောင်ပင် မနည်းလိုက်၍ယူရသည်။ အတူးက ရှေ့ကနေ အလောတကြီး သုတ်ခြေတင်

mgyoe.com

mgyoe.com


တော့သည်။ စန်းရီက နောက်မှ အပြေးအလွှားလိုက်ရင်း အတူးကို လှမ်း၍ အော်ရပြန်သည်။

'ဟေ့ကောင် ရောက်ပါပြီကွ။ ဒါလောက်လည်း မလောပါနဲ့။ ခု မင်းက ဘယ်သွားမှာလဲ'

'အသက်တို့အိမ်ကိုလေ'

'ဒီအချိန် အိမ်မှာမရှိဘူးကိုယ့်လူ။ ခါတိုင်းနေရာသာသွား။ ဟိုမှာပဲ ရှိမှာပဲ'

စန်းရီပြောမှပင် သတိရမိသည်။ ခါတိုင်း ညနေကျောင်းဆင်းချိန်တွင် နေဝင်သည်အထိ အသက်နှင့်သူ ကစားခဲ့ကြသည့် နေရာကလေးကို ပြန်၍သတိရမိသည်။ သည်နေရာကလေးကို အသက်က အမြဲလာနေသည် ဆိုပြန်တော့လည်း အတူးရင်ထဲတွင် တစ်ယောက်နှင့်တစ်ယောက် ကွဲခဲ့ရသည့် ရက်တွေအတွက် ပြန်၍ ကြေကွဲဝမ်းနည်း၍ လာရပြန်သည်။ သူ့အတွက် ဆွေးရတက်များ ဖြာခဲ့ရရှာသည်။ အသက်ကလေးကိုလည်း ပို၍ သနားမိသည်။

အတူးမှာ သူ့အတွေးနှင့် သူလျှောက်လာခဲ့ရသဖြင့် ငယ်စဉ်က နေရာကလေးသို့ရောက်သည်ကိုပင် မသိလိုက်ပေ။ စန်းရီက သတိပေးမှပင် မလှမ်းမကမ်းတွင် သူတို့ကစားနေကျ ညောင်ပင်ကြီးနှင့် ရှူခင်းအစုံကို မြင်လိုက်ရလေသည်။

'ဟေ့...ရောက်ပါပြီကွ။ လောလှချည်လား ဟိုမှာလည်း ကြည့်စမ်းပါဦး'

စန်းရီပြသည့်နေရာကို လှမ်းကြည့်လိုက်မှ အတူးမှာ သူ့မျက်လုံးကိုပင် သူမယုံနိုင်အောင် ရှိတော့သည်။ မလှမ်းမကမ်း ညောင်ပင်အောက်တွင် ခပ်ငေးငေးထိုင်နေသော အသက်အား သနားစဖွယ် တွေ့လိုက်ရလေသည်။

အတူးသည် စန်းရီကိုပင် ဘာမျှမပြောနိုင်တော့ဘဲ အသက်ရှိရာသို့သည် အပြေးကလေး သွားမိတော့သည်။ စန်းရီကမူ အလိုက်သိစွာပင် နောက်ကချန်၍ နေရစ်ခဲ့လေသည်။

အသက်မှာ အတူး လာသည်ကိုပင် မမြင်နိုင်ရှာဘဲ သူ့အတွေးနှင့်သူ

mgyoe.com

mgyoe.com

ဝေး၍နေမိသည်။ အတူးသည် အသက်မမြင်နိုင်အောင် ညောင်ပင်၏ နောက်မှ အသက်ဘေးတွင် ဝင်၍ အသာထိုင်လိုက်ပြီးမှ အသက်၏ ကိုယ် ကလေးကို သိမ်း၍ဖက်လိုက်သည်။

အသက်မှာ ရုတ်တရက်ဖြစ်၍ ကြောက်အားနှင့် လန့်၍ရုန်းလိုက် သော်လည်း အတူး၏လက်တွင်းမှ မလွတ်နိုင်အောင် လူးလွန့်၍နေရှာသည်။ ပြီးမှ သူ့ကိုဖက်ထားသူအား ပြန်၍ကြည့်လိုက်ရာ သူ့မျက်နှာကလေးတစ်ခု လုံးမှာ ရေတွေ့သောပန်းကလေးကဲ့သို့ ခဏချင်း လန်းဆန်းစိုပြည်၍ လာလေ သည်။

တစ်ယောက်နှင့်တစ်ယောက် ကျောက်ရုပ်များလို မလှုပ်မယှက် ကြည့်နေရင်းက အသက်ခမျာမှာ သူ့စိတ်ကို သူမထိန်းနိုင်ဘဲ အတူးအား ပြန်၍ဖက်ရင်း ဆွေးခဲ့သမျှ လွမ်းခဲ့သမျှကို အတိုးချနှင့် ငိုချလိုက်မိရှာသည်။

အတူးသည် အသက်၏ မျက်နှာကလေးကို ယုယစွာ ဆွဲထူပွေ့ လိုက်ရင်း မျက်ရည်စများကိုလည်း လက်ကိုင်ပဝါဖြင့် အသာသုတ်၍ ပေး လိုက်ရှာသည်။

'ငိုမနေပါနဲ့တော့ အသက်ရယ်၊ အတူး ပြန်လာမှပဲ'

'အသက်ကို ဒါလောက်တောင် ခွဲထားရသလား အတူးရယ်။ အသက် ဘယ်လောက် ဒုက္ခရောက်ရသလဲ၊ အသက်ကိုများ ကြည့်စမ်းပါဦး'

ဟုတ်ပေသည်။ အသက်၏ မျက်ခွံမို့မို့ကလေးမှာ မျက်ကွင်း ကလေးများပင် ချိုင့်၍ ညိုမည်းနေသည်။ ပါးမို့မို့ကလေးများမှာလည်း ချပ်၍ နေသည်။ သွယ်တန်းညက်ညောသော မေးရိုးကလေးအောက်တွင် အကြောစိမ်းကလေးများပင် ထောင်၍နေတော့သည်။

'နောက်မခွဲတော့ပါဘူးကွယ်။ အသက်ကို ခွဲချင်လို့ ခွဲနေတာ မဟုတ်ပါဘူး။ ဖေဖေက မလွတ်လို့။ ပြီးတော့ အိမ်မှာက အရင်တုန်းလို မဟုတ်ဘူး အသက်ရဲ့။ သူစိမ်းကဝင်လာတော့ ဒက်ဒီကို ပိုပြီး ရှိသေရတယ် မဟုတ်လား'

အသက်သည် အတူးပြောနေသော စကားများကို နားထောင်ရင်း သူ့ရင်ဝတွင် တူနှင့်ရိုက်လိုက်သလို ထိတ်ခနဲ စိုးရိမ်မိရှာသည်။ အတူး၏

mgyoe.com

mgyoe.com


ဒက်ဒီကများ သူတို့ချစ်ခြင်းကို ခွဲမည်ဆိုလျှင် ဆိုသည့် စိုးရိမ်ချက်ကလေးက သူ့အသည်းအူ တစ်ခုလုံးကို ပြောင်းပြန်ခါ၍ သွားစေတော့သည်။

'အတူးဒက်ဒီကများ တကယ်လို့ အသက်ကို အတူးနဲ့ ခွဲလိုက်ရင်တော့ အသက် ရင်ကွဲရမှာပဲ အတူးရယ်'

'မခွဲပါဘူး အသက်ရယ် ဘာလို့ခွဲရမှာလဲ။ ဒက်ဒီကိုယ်တိုင် အသက်ရဲ့ ဖေဖေကို ကတိပေးထားပြီးပြီပဲဟာ'

အသက်က ရှေ့ဆက်၍ မပြောတော့ချေ။ သူ့အတွေးနှင့်သူ ခေါင်းလျက်ရှိသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြ၊ အခုတော့လည်း တစ်ယောက်ကိုတစ်ယောက် မလွှတ်တမ်း ကြည့်နေမိကြသည်။ အသက်မှာ အတူး၏အကြည့်ကို မခံနိုင်ရှာသကဲ့သို့ မျက်နှာလွှဲလိုက်ရင်း ပါးချင်းကပ်ထားလိုက်သည်။

'အသက်ကို ဘယ်တော့မှ မခွဲနဲ့နော်'

'မခွဲပါဘူး အသက်ရယ် ဘယ်တော့မှ မခွဲဘူး'

'အသက်ဖြင့်လေ အတူးနဲ့ ကွဲနေရတော့ အတူးများ အသက်ကို မေ့သွားပြီလားလို့ စိုးရိမ်လိုက်ရတာ အမောပဲ'

'အတူးလည်း ဒီလိုပါပဲကွယ်။ အသက်များ အတူးကို အထင်မှားပြီး မုန်းသွားပြီလားလို့'

'အတူးကို အသက် ဘယ်တော့မှ မမေ့ပါဘူးကွယ်။ အသည်းထဲမှာ အမြဲတမ်း စွဲနေရလွန်းလို့ အသက်ရဲ့ အသည်းတွေတောင် ကွဲထွက်ကုန်ပြီလို့ ထင်မိပါတယ်ကွာ'

'အတူးလည်း ဒီလိုပါပဲ အသက်ကို ဘယ်လိုချစ်ရမှန်း မသိပါဘူးကွယ်'

ပြောနေရင်းကပင် တစ်ယောက်နှင့်တစ်ယောက် မချင့်မရဲဖြစ်လာကာ တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလိုက်လေသည်။ ပြီးတော့လည်း အတူးက အသက်၏ ပါးအို့ကလေးကို တအားနမ်းလိုက်မိသည်။ အသက်သည် ချစ်သူပြုသမျှ ကြည်ဖြူစွာ လိုက်လျောမိရှာတော့သည်။

mgyoe.com

mgyoe.com


'အသက်ရေ'

'ဘာလဲ အတူး'

'အတူးကို အတူးလို့ မခေါ်ပါနဲ့ကွာ'

'ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ ဟင်။ ငါတို့က တောသူပါကွယ်။ မြို့သူတွေလိုတော့ ခေတ်ဆန်ဆန် မခေါ်တတ်ဘူး'

'မောင်...လို့ ခေါ်ပါလား အသက်'

'ဒါဖြင့် အတူးကရော အသက်ကို ဘယ်လိုခေါ်မှာလဲ'

'အသက်ပဲ ခေါ်မှာပေါ့။ ဒါမှမဖြစ်ရင် 'ခင်'လို့ ခေါ်မယ်'

'ကဲ...စမ်းခေါ်ကြည့်ရအောင်'

တစ်ယောက်၏ ပခုံးအစုံကို တစ်ယောက်က ပြန်၍ဆုပ်ကိုင်ရင်း တစ်ယောက်၏မျက်နှာကို တစ်ယောက် မေတ္တာရည် ကရုဏာရည်လွှမ်းနေသော မျက်လုံးများဖြင့် စိုက်၍ကြည့်နေရင်းမှ အတူးကပင် စ၍ခေါ်လိုက်သည်။

'ခင်'

'မောင်'

အသက်က ချစ်သူ၏ အကြိုက်ကိုလိုက်၍ ခေါ်လိုက်ရသော်လည်း ခေါ်ပြီးမှ ရှက်နေသည်။ ပြီးတော့လည်း ကလေးငယ်ကဲ့သို့ ခေါင်းကလေးကို ခပ်နွဲ့နွဲ့ခါလိုက်ရင်း...

'ဟင့်အင်းကွာ အသက် အားမရဘူး။ အတူးလို့ ခေါ်ရတာက အားရတယ်'

'အေး...အတူးလည်း နားထောင်ရတာ မဝဘူး။ ဒါဖြင့် အရင်အတိုင်းပဲ ပြန်ခေါ်ကြည့်ဦးလေ'

'အတူးရေ'

'အသက်ရေ'

'ဟော့...အတူးရေ၊ အသက်ရေ လုပ်မနေနဲ့ မိုးချုပ်ပြီ ပြန်ကြရအောင်၊ တကတည်း ကိန္နရီ ကိန္နရာ ချောင်းခြားတာကြနေတာပဲ။ ဒိုလို့မပြီးနိုင် ခေါ်လို့မပြီးနိုင်။ ဒီကစောင့်ရတဲ့ကောင်က ညောင်းလို့သေတော့မယ်'

mgyoe.com

mgyoe.com


စန်းရီ၏အသံကို ကြားလိုက်မှ နှစ်ယောက်စလုံး ရှက်ပြုံးကလေး ပြုံးရင်း စန်းရီအား ကြည့်လိုက်မိကြသည်။ အသက်မှာ ရှက်ရှက်ဖြင့် အတူး အပါးမှ ခွာလိုက်ရသည်။

'အေးပါကွာ မင်းကလည်း ကွဲနေတာ ဘယ်လောက်ကြာပြီလဲ၊ ဒါလောက်တော့ ကိုယ်ချင်းစာမှပေါ့'

'ဘာကိုယ်ချင်းစာရမှာလဲ၊ ငါ့မှာ ကိုယ်ချင်းစာစရာ တစ်ယောက်မှ မရှိဘဲနဲ့'

'ကဲ...သွားကြမယ်။ အဘိုးကြီး ပွက်နေဦးမယ်'

စန်းရီက ရှေ့ကသွား၍ အတူးနှင့် အသက်မှာ တစ်ယောက်လက်ကို တစ်ယောက်ဆွဲ၍ နောက်က လိုက်ကြသည်။ စကားတွေလည်း မနားတမ်း ပြောကြသည်။ အတူးကပြောလျှင် အသက်က အတူးမျက်နှာကို မလွှတ်တမ်း ကြည့်နေတတ်သည်။ အသက်ကပြောလျှင် အတူး အသက်မျက်နှာကို မလွှတ်တမ်း ကြည့်နေတတ်သည်။

ကွဲနေသမျှကို ခုမှ အတိုးချနှင့် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကြရသည်။ တစ်ယောက်စကားကို တစ်ယောက် နားထောင်ကြရ သည်။ အတူးက ရန်ကုန်အကြောင်းပြောလျှင် အသက် အထူးအဆန်း သဖွယ် နားထောင်နေတတ်သည်။ အသက်နေသော ဘိုကလေးမြို့ကို အတူးက နေဖူးသဖြင့် ဘာမျှပြောစရာမရှိသော်လည်း အတူးနေသော ရန်ကုန်မြို့ကြီးကို အသက်က မရောက်ဖူးသဖြင့် အတူးပြောသမျှကို နားထောင်ရင်း စိတ်ဝင်စားနေမိသည်။

'ရန်ကုန်ကို အသက်လည်း ရောက်ဖူးချင်လိုက်တာ'

'အို...တစ်နေ့ကျ အတူးခေါ်မှာပေါ့။ အသက်လည်း ဆယ်တန်း အောင်ရင် ရန်ကုန်ကောလိပ်ကို ဆက်နေမှာ မဟုတ်လား'

'အသက် ကျောင်းထွက်တာ ကြာလှပြီ။ အတူးမရှိတဲ့နောက်လည်း ဒီကျောင်းကို တက်ရမှာ စိတ်ညစ်လွန်းလို့ ထွက်လိုက်တယ်'

အသက်သည် ရန်ကုန်မြို့သို့ရောက်လျှင် အတူးနှင့် လွတ်လွတ် လပ်လပ် မည်မျှ ပျော်လိုက်မည်ကို တွေး၍ ကြည်နူးမိလေသည်။

mgyoe.com

အိမ်နားသို့ ရောက်လာသောအခါတွင်မှ အသက်က အတူးအား မျက်စောင်းကလေးချီ၍ကြည့်ရင်း...

'အိမ်ရောက်ရင်တော့ ဖေဖေက ဘယ်လောက် ဝမ်းသာမလဲ မသိဘူးနော်'

'အတူးကိုများ စိတ်ဆိုးနေမလား မသိဘူးနော်'

အတူးက သူမလာဘဲနေခဲ့သည်ကို စိုးရိမ်တကြီး မေးလိုက်မိရာသည်။

'အစကတော့ ဆိုးတာပေါ့၊ အသက် စိတ်ဆင်းရဲတာကို မြင်ရတော့ အတူးကိုရော၊ အတူး ဒက်ဒီကိုရော စိတ်ဆိုးတယ်'

ခုတော့ အသက် စိတ်ချမ်းသာရင် ပြီးရောဆိုပြီး အတူးတို့ ဒက်ဒီဆီကို စာလှမ်းရေးလိုက်တယ်။

'ဟင်...ဟုတ်လား၊ ဒီလိုဆို အတူးတို့ မြန်မြန် အတူနေရတော့မှာပဲနော်'

'ဒါပေါ့ အတူးရဲ့'

အိမ်အဝင်တွင် အသက်သည် အတူးလက်ကို ခပ်တင်းတင်းဆွဲ၍ ကလေးများလို အပြေးကလေး ဝင်သွားမိရာသည်။ အိမ်ရှေ့ခန်းတွင် ထိုင်နေကြသော သူ့ဖေဖေနှင့် မေမေကိုလည်း ဝမ်းသာအားရဖြင့်...

'ဖေဖေ အတူးရောက်လာပြီ ဖေဖေ။ ခုသဘော်နဲ့ ပါလာတယ်'

အသက်က ဝမ်းသာအားရနှင့် ပြောလိုက်သည်။ အတူးကလည်း ရွှင်ပြုံးစွာပင် အသက်ဖေဖေနှင့်မေမေအား နှုတ်ဆက်လိုက်ရာသည်။

ဦးကြွယ်နီနှင့် မခင်စိန်တို့၏ မျက်နှာမှာ ဟန်မဆောင်နိုင်အောင်ပင် ပျက်၍နေတော့သည်။ လူကြီးတွေ၏ မျက်နှာမကောင်းသဖြင့် အသက်မှာ နားမလည်သလို၊ အားငယ်သလို ကြောင်စီစီကလေး ကြည့်နေလိုက်မိသည်။

'အတူးလေ ဖေဖေ နှုတ်ဆက်ပါဦး'

ဦးကြွယ်နီသည် သမီးအား ဘာမျှ ပြန်၍မပြောဘဲ အတူးကိုသာ ဒေါသဖြင့် ကြည့်လိုက်မိသည်။

mgyoe.com

mgyoe.com


'တယ်တော်ကြတယ်ပေါ့ကွယ်၊ မင်းတို့သားအဖ လုပ်ပုံတွေက တို့မျက်နှာကိုမှ မထောက်ဘူး'

ဦးကြယ်နီက ဒေါသတကြီး ပြောနေသည့်တိုင်အောင် အတူးမှာ ဘာမျှနားမလည်ရှာပေ။

'ဖေဖေက ဘာများလုပ်လို့လဲ ဦးရယ်'

'ဟင်…ဘာလုပ်တယ်ဆိုတာ မင်းမသိဘူး။ ဟော့…မစိန်ခင် သူ့အဖေဆီက စာပေးလိုက်စမ်း'

မစိန်ခင်သည် စာရွက်ခေါက်တစ်ခုကို အတူးလက်ထဲသို့ ဆောင့်ဆောင့်အောင့်အောင့် ထည့်လိုက်ရင်း…

'ဖတ်ကြည့်ပါတော် ဖတ်ကြည့်၊ ကိုယ့်အဖေလုပ်ပုံတွေ သိပါလိမ့်မယ်'

အတူးမှာ တုန်တုန်ယင်ယင်နှင့် စာကို ဖွင့်၍ဖတ်လိုက်မိသည်။ အသက်ကလည်း သိလိုဇောဖြင့် အတူးလက်မှ စာကို ဘေးမှရပ်၍ ဖတ်လိုက်မိသည်။

အသက်ရော အတူးပါ စာကိုဖတ်ရင်း ရင်တုန်လာမိသည်။ စာလုံးများက တဖြည်းဖြည်း မှုန်ဝါး၍လာသည်။ စာဆုံးသွားသောအခါတွင် အသက်မှာ သူ့မျက်နှာကို လက်ဝါးဖြင့်အုပ်ရင်း တန်းလျားပေါ်တွင် ထိုင်ချရင်း ရှိုက်၍ ငိုလိုက်မိတော့သည်။

အတူးကမူ မယုံနိုင်လောက်အောင် အံ့ဩရင်းက ဦးကြယ်နီကို တစ်လှည့်၊ စာကိုတစ်လှည့် ကြည့်နေမိသည်။ သူ့စိတ်ထဲတွင်မူ မခံရပ်နိုင်အောင် ရှိလှသဖြင့် အံကိုသာ ကိုက်ထားလိုက်မိသည်။

'ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော် ဘာမှ မသိရဘူး ဦးရယ်၊ ဒက်ဒီ ဘယ်လိုလုပ်လိုက်တယ်ဆိုတာ ကျွန်တော် နားမလည်ပါဘူး'

'အေး…မင်းက နားမလည်ပေမဲ့ ငါတော့ နားလည်တယ်၊ ဒါ တို့ကို လူမထင်တဲ့သဘောပဲ၊ ငါက သမီးကလေးအပေါ်မှာ သနားတဲ့စိတ်နဲ့ သမီးရှင်အနေနဲ့ မရှက်နိုင်ဘဲ ငါကစပြီး ရေးလိုက်တာ၊ ပြီးတော့လည်း နောက်နောက်က ဆက်ဆံခဲ့ကြတဲ့ လူရင်းမိတ်ဆွေတွေ ဖြစ်နေလို့ ယုံစားပြီး ရေး

mgyoe.com

mgyoe.com

လိုက်တာ၊ ခုတော့...'

ဦးကြယ်နီသည် ပြောရင်းပင် ဒေါသကြီး၍ လာလေသည်။ အတူးကမူ ဘာမျှမပြောနိုင်ရှာဘဲ အသက်ကိုသာ သနားလိုက်မိသည်။ အသက်၏ ရှိုက်သံများမှာ ပို၍ ပြင်းထန်လှသည်။ အတူးသည် အသက်၏ ဘေးသို့ ရပ်လိုက်ရင်း...

'ဘာမှ ဝမ်းနည်းစရာ မရှိပါဘူး အသက်ရယ်၊ ဒက်ဒီက ဘယ်လိုပဲ ပြောပြော အတူးသဘောက ရှိပါသေးတယ်ကွယ်'

ဦးကြယ်နီသည် သမီးအား တစ်ချက်မျှ ဒေါသဖြင့် လှမ်း၍ကြည့်လိုက်ရင်း...

'ဟေ့...ငိုမနေနဲ့၊ ဘာမှ ငိုနေစရာမလိုဘူး၊ တို့တာဝန်ကုန်ပြီ'

'ဒီလိုမပြောပါနဲ့ ဦးရယ်၊ ဒက်ဒီ ဘယ်လိုပဲသဘောမတူတူ အတူးသဘောက ရှိပါသေးတယ်၊ အတူး တစ်သက်လုံး အသက်နဲ့ ဘယ်တော့မှ မခွဲပါဘူး'

'မခွဲလို့ ဘာလုပ်ရဦးမှာလဲ၊ မင်းအဖေက သဘောမတူပါဘူး ဆိုတာကို တို့က လက်ခံထားရမှာလား'

ဦးကြယ်နီ၏ တင်းမာသော စကားကြောင့် အတူးနှင့် အသက်မှာ တစ်ယောက်ကိုတစ်ယောက် အထိတ်တလန့် ကြည့်လိုက်မိသည်။ အသက်သည် အတူး၏လက်မောင်းကို ဆွဲဖက်ထားလိုက်ရင်း...

'သမီးတို့ချစ်ခြင်းကို မခွဲပါနဲ့ ဖေဖေရယ်၊ သမီး အတူးနဲ့ကွဲရင် သေရပါလိမ့်မယ်'

မစိန်ခင်သည် အသက်ကို ဒေါသခိုးလျှံသော မျက်လုံးများဖြင့် ကြည့်လိုက်ရင်း...

'အမယ်...ညည်းက အဖြစ်သည်းနေလိုက်တာ၊ ဟေ့...တို့က ခွဲတာ မဟုတ်ဘူး၊ အတူးအဖေကခွဲတာ နင်မတွေ့ဘူးလား၊ သမီးရှင်က ဒါလောက်တောင် အရှက်နည်းရမလား'

'သူတို့စီစဉ်တိုင်းလည်း ကျွန်တော် မခံပါဘူး ဒေါ်ဒေါ်ရယ်၊ ကျွန်တော် အသက်နဲ့ ဘယ်တော့မှ မခွဲပါဘူး၊ ဒေါ်ဒေါ်တို့ကသာ ခွင့်ပြုရင်

mgyoe.com

ကျွန်တော် မပြန်နဲ့ဆိုတောင် မပြန်တော့ပါဘူး ဒေါ်ဒေါ်'

'ဩော်...တယ်လွယ်ကိုး၊ မင်းက လူငယ်ဆိုတော့ ဘာမှမသိလို့၊ ဒီလိုနဲ့များ ကိစ္စပြီးတမ်းဆို ခက်ကြရောပေါ့၊ မိကောင်းဖခင် သားသမီးက မွေးထားတာကွဲ့၊ မိဘသဘောမတူဘဲ သမက်တစ်ယောက်ကို အမိဖမ်းတဲ့ အစားထဲကမဟုတ်ဘူး၊ အတူး ရှင်းရှင်းပြောရရင် မင်းကိုတောင် တို့အိမ်မှာ လက်မခံနိုင်ဘူး'

အသက်သည် ဒေါ်စိန်ခင်၏ စကားကို ကြားလိုက်ရသဖြင့် အတူးအား ကြောက်အားဖြင့် ဖက်လိုက်ရှာသည်။

'မေမေ ဘယ်လိုပြောလိုက်တာလဲ မေမေ၊ မေမေတို့ လက်မခံရင် အသက် အတူးနဲ့ လိုက်သွားမယ်'

ဒေါ်စိန်ခင်သည် တစ်သက်လုံးက သူ့အား မလွန်ဆန်ဝံ့သော သမီးက ခုမှ လွန်ဆန်လိုက်သဖြင့် သူ့ဒေါသကို သူမချုပ်တည်းနိုင်တော့ဘဲ အသက်၏ ဆံပင်ကို ဆံရင်းမှ စုဍ်ဆွဲလိုက်ရင်း တအားရိုက်လိုက်မိသည်။

'အမယ်...နင်က ခုမှ အားကိုးရှိလို့ ငါ့ကို လွန်ဆန်တာလားဟင်၊ ငါ့ကိုများ နင် ဘယ်တုံးက လှန်ဖူးဝလို့လဲ'

အမေက သမီးအား ရိုက်နေသည်ကိုပင် အတူးမှာ ချစ်သူဖြစ်၍ မကြည့်ရက်နိုင်တော့သဖြင့် ဒေါ်စိန်ခင်အား လှမ်း၍ဆွဲလိုက်မိရှာသည်။

'အသက်ကို မရိုက်ပါနဲ့ ဒေါ်ဒေါ်၊ အသက်ကို မရိုက်ပါနဲ့'

အတူးသည် တုန်တုန်ယင်ယင်နှင့် ဒေါ်စိန်ခင်အား ဆွဲရင်း တောင်းပန်မိရှာသည်။ ဦးကြယ်နီကမူ ကြည့်နေရင်း သည်းမခံနိုင်တော့သလို အတူး အား စူးစူးစားစား ကြည့်လိုက်ရင်း...

'ဟေ့...တို့သမီးကို တို့ရိုက်တာ မင်းက ဘာမကြည့်နိုင်ရမှာလဲ၊ တို့အလိုအလျောက် တို့သမီးကို တို့တစ်သက်လုံး လက်ဖျားနဲ့ မတို့ခဲ့ဖူးဘူး၊ မင်းတို့သားအဖအတွက်ကြောင့် ခုလိုရိုက်ရတာ နားလည်လား၊ ရိုက်တာ မကြည့်နိုင်ရင် မင်း ခုအိမ်ကထွက်သွား၊ ငါ့အိမ်ထဲက မင်း ခုထွက်သွားပါ'

ဦးကြယ်နီအသံမှာ ပြင်းထန် မာကျောလှပေသည်။ သူ့မျက်နှာ တစ်ခုလုံးမှာလည်း ဒေါသဖြင့် နီရဲ၍နေတော့သည်။ အတူးက ဦးကြယ်နီ

mgyoe.com

mgyoe.com


အား အသနားခံသည့် မျက်နှာငယ်ကလေးဖြင့် ကြည့်ရင်း တောင်းပန်ရန် ပြင်လိုက်သည်။

'ကျွန်တော် တစ်ခုပြောပါရစေဦးရယ်၊ ကျွန်တော်နဲ့ အသက်ကို တော့'

'ဟော့...ဘာမှပြောမနေနဲ့ကွာ၊ ခု ထွက်သွားပါ၊ မင်းမျက်နှာကို ငါ မကြည့်ချင်ဘူး'

စန်းရီသည် အတူးအား ဆွဲခေါ်လိုက်ရသည်။ အတူးကမူ နောက်ဆုံး အားလျှော့သော အမူအရာဖြင့် အသက်ကို ကြည့်လိုက်မိရှာသည်။ သူ့ မျက်လုံးအိမ်တွင်းမှ မျက်ရည်များက တလိမ့်လိမ့် စီး၍ကျလာတော့သည်။ အသက်သည် အတူးထွက်သွားသည်ကို မြင်သဖြင့် နောက်ကနေလိုက်ရန် ပြင်လိုက်သေးသည်။ သို့သော် ဒေါ်စိန်ခင်က တအားဆောင့်ဆွဲထားလိုက် သဖြင့် တန်းလျားပေါ်တွင် ပုံလျက်သား လဲ၍ကျသွားတော့သည်။

အတူး အိမ်ပေါက်ဝမှ ထွက်ခဲ့သည့်အချိန်တွင် အသက်၏ ရှိုက်ငိုသံ များမှာ ပြင်းထန်စွာ ပေါက်ကွဲထွက်ပေါ်လာလေသည်။

* * *

mgyoe.com

mgyoe.com

[ ၆ ]

ဦးကြယ်နီသည် အဖြစ်ကိုတွေးရင်း ရှက်လည်းရှက်မိသည်။ ဒေါသလည်း ထွက်ခဲ့မိသည်။ အထူးသဖြင့် ဦးလှဖေအပေါ်တွင် စိတ်နာမိလေ၏။ သူ့အဖို့တွင် ကျောသား ရင်သားမခြားဘဲ သူ့သားကို သူ့သမီးနှင့် ထပ်တူချစ်ခဲ့မိသည်။ လူငယ်ချင်းဖြစ်ကြသည်ကို သိသောအခါကလည်း အရွယ်ရောက်လျှင် စီစဉ်ပေးရန် နှစ်ဦးစလုံးက နှုတ်ကတိထားခဲ့ကြသည်။ ယခုမူ ထားခဲ့သော ကတိကိုပင် မထောက်ထားတော့ဘဲ ဖျက်လိုက်သည်မှာ ဦးကြယ်နီအဖို့ အခံရခက်လှပေသည်။

သမီးဖြစ်သူကိုလည်း သနားမိသည်။ အသက်သည် အတူးနှင့်ကွဲခဲ့ရသည့်အတွင်း မည်မျှ စိတ်ဆင်းရဲခဲ့ရရှာသည်ကို ဦးကြယ်နီက ရိပ်မိသည်။ အဆုံးတွင် အသက် စိတ်ဆင်းရဲရသည်ကိုပင် မကြည့်ရက်နိုင်သဖြင့် ခုလို စာရေးလိုက်ခြင်း ဖြစ်လေသည်။ အချိန်ကိုရွှေ့လျှင် ခံသာသေးသည်၊ ခုလို လုံးလုံးဖျက်လိုက်ခြင်းမှာမူ တာဝန်မဲ့လွန်းသည်။ ထို့ကြောင့်လည်း ဦးကြယ်နီမှာ တွေးရင်း ဒေါသမပြေနိုင်အောင် ဖြစ်မိသည်။ အတူးကိုမြင်ပြန်တော့ စိတ်ကို မချုပ်တည်းနိုင်လောက်အောင် ဒေါသထွက်မိသည်။ မျက်နှာ

mgyoe.com

mgyoe.com


ကိုပင် ကြည့်မရသည်အဆုံး၌ အိမ်မှ နှင်ထုတ်လိုက်ရသည်၊ တခြား ဘာမှ မရှိတော့ပေ။

အမှန်တော့လည်း သမီးရှင်တစ်ယောက်အနေနှင့် သူ့အဖို့ အတူးကို လက်ခံထားရန် မဖြစ်နိုင်ပေ။ အကယ်၍ တာဝန်ရှိလာလျှင် သူ့အပေါ်သာ ပုံ၍ချလာမည်။ အဖေလုပ်သူက သဘောမတူနိုင်ကြောင်းကို အတိအလင်း ရေးသားပါလျက်နှင့် သူက သားဖြစ်သူကို သူ့အိမ်၌ လက်ခံထားလျှင် သူ့ တာဝန်သာ ဖြစ်ပေလိမ့်မည်။

နောင်တစ်ခုခုဖြစ်လာလျှင် ဦးလှဖေ၏ အပြစ်ပြောခြင်းကို ငုံ့၍ ခံရပေမည်။ ထို့ကြောင့်လည်း သမီးဖြစ်သူကို သနားသော်လည်း အတူးကို တော့ လက်မခံနိုင်တော့ပေ။ အမှန်ဆိုတော့လည်း အတူးကို ဦးကြယ်နီ ကိုယ်တိုင်ကလည်း သားရင်းလို ချစ်ခဲ့သည် ကြင်နာခဲ့သည်။ သို့သော် ခု အရေးမှာ တစ်ယောက်ကိုတစ်ယောက် ငဲ့ညှာသနားနေရန် မတတ်သာသော အရေးဖြစ်၍သာ အတူးကို နှင်လွှတ်ရခြင်း ဖြစ်လေသည်။

အသက်ကမူ အတူး ထွက်သွားကတည်းကပင် ငိုနေသည်မှာ မရပ် တော့ပေ။ မစိန်ခင်က အစတော့ ချော့သေးသည်၊ နောက်တော့ လက်လျှော့ လိုက်ရလေသည်။ မစိန်ခင်သည် ဦးကြယ်နီ အပါးသို့ကပ်၍ တစ်စုံတစ်ခုကို ပြောရန် စကားစလိုက်လေသည်။

'ကျွန်မတော့ အသက်ကို ဒီအတိုင်း မထားချင်တော့ဘူး'

'ဒီအတိုင်းမထားလို့ မင်းက ဘာလုပ်ဦးမှာလဲ'

ဦးကြယ်နီသည် မစိန်ခင်၏စကားကို နားမလည်သလိုဖြင့် ကြည့် လိုက်လေသည်။

'တစ်ယောက်ယောက်နဲ့ နေရာချထားလိုက်ချင်ပြီ၊ ကိုကြယ်နီ နို့မို့ ဒီကောင်မလေးဟာ ဒီစိတ်နဲ့ တရှောင်ရှောင် ဒုက္ခရောက်လိမ့်မယ်။ ပြီးတော့ လည်း ယုံရတာမှတ်ဖူး၊ ငယ်ငယ်တုန်းကလို ထင်ရာထွက်သွားရင် ဒုက္ခပဲ'

ဦးကြယ်နီသည် မစိန်ခင်စကားကို နားထောင်ရင်း သူ့မျက်စိထဲ၌ တစ်စုံတစ်ယောက်ကို ပေါ်လာမိသည်။ သို့သော် ရုတ်တရက် မဆုံးဖြတ် နိုင်သေးသဖြင့် စကားကို မတင်မကျသာ ပြန်၍ဖြေလိုက်ပေသည်။

mgyoe.com

mgyoe.com


'အေးကွယ် ကြည့်သေးတာပေါ့၊ သင့်မြတ်မယ့်လူတစ်ယောက် ယောက် တွေ့ရင်တော့ မင်းပြောသလို စီမံတာပေါ့၊ ခုတော့ ငါလည်း မစဉ်း စားတတ်သေးပါဘူးကွယ်'

မစိန်ခင်သည် ဦးကြယ်နီအား အားမလိုအားမရဖြင့်ကြည့်ကာ နောက်ဖေးခန်းသို့ ဝင်သွားလေသည်။ ဦးကြယ်နီကမူ သူ့အတွေးနှင့်သူ မျော၍နေမိပြန်သည်။ မည်မျှ မျောနေသည်ကိုကားမသိ။ ဧည့်သည်ရောက် နေသည်ကိုပင် သတိမထားလိုက်မိပေ။ ဧည့်သည်ဖြစ်သူက မေးလိုက်သော အသံကိုကြားမှပင် အိပ်ရာမှ လန့်၍နိုးသူကဲ့သို့ ပြန်၍သတိထားလိုက်ရလေ သည်။

'ဒီအိမ်ဟာ ဦးကြယ်နီရဲ့အိမ် မဟုတ်ပါလားခင်ဗျာ'

ဦးကြယ်နီသည် ဧည့်သည်ကို ရုတ်တရက် မမှတ်မိဟန်ကြည့်နေ ရင်း...

'ဟုတ်ပါတယ်ဗျာ...ဟုတ်ပါတယ်၊ ကျုပ်ပါပဲ'

'သြော်...ကျွန်တော်တောင် ဦးကို ကောင်းကောင်းမမှတ်မိချင်ဘူး။ ကျွန်တော် မောင်ခင်မောင်လေ ဦးရဲ့။ ဦးတုတ်ကြီးရဲ့ မြေးပေါ့။ ငယ်ငယ်က တော့ တစ်ခေါက် နှစ်ခေါက်ရောက်ဖူးပါတယ်'

'ဟေ...မင်း ဦးတုတ်ကြီးရဲ့ မြေးလားဟင်...ဟုတ်လေသားပဲ။ ငါ ကတော့ ပြောမှ မှတ်မိတော့ ဒါပဲကွယ်။ မင်းပေးလိုက်တဲ့ စာလည်းရပါ တယ်။ မင့်ဖေဖေ ဆုံးတာလည်း သိရလို့ စိတ်မကောင်းပါဘူးကွယ်'

ဦးကြယ်နီသည် ဧည့်သည်များအား နေရာပေးရင်း မစိန်ခင်အား လှမ်း၍ခေါ်လိုက်လေသည်။

'မစိန်ခင်ရေ လာပါဦးဟ၊ ဒီမှာ ဧည့်သည်တွေ ရောက်နေတယ်'

မစိန်ခင်သည် အတွင်းခန်းမှထူးရင်း ထွက်လာလေသည်။ ပြီးတော့ လည်း ဧည့်သည်များကိုကြည့်ရင်း သူ့စိတ်ထဲတွင် အမည်ဖော်၍မရအောင် ဖြစ်နေရှာသည်။

ဦးကြယ်နီက မစိန်ခင် မမှတ်နိုင်သည်ကို ရိပ်မိဟန်ဖြင့် ခပ်ပြုံးပြုံး ကြည့်လိုက်ရင်း...

mgyoe.com

mgyoe.com

'ဦးတုတ်ကြီးရဲ့ မြေးပေါ့ကွ မင်း မမှတ်မိဘူးလား၊ ငယ်ငယ်တုန်းက နှစ်ခေါက်လောက်လာဖူးတာပေါ့'

'သြော်...ဟုတ်သားပဲ၊ ကျွန်မက ရုတ်တရက်ဆိုတော့ ဖမ်းလို့ကို မရပါဘူး၊ ကဲ...ရောက်တဲ့အခါ အေးအေးဆေးဆေးပေါ့။ ကိစ္စကတော့...'

'ကိစ္စကတော့ ကျွန်တော်တို့ ကျန်ရစ်ခဲ့တဲ့ လယ်လေးမြေလေး အတွက် ဦးတို့က ကြည့်ရှုစီမံပေးဖို့ပါပဲခင်ဗျာ'

'အေးပေါ့ကွယ်...မင်းအဖေရှိတုန်းကတည်းက ငါပဲ အရာရာ တာဝန်ယူပြီး လုပ်ပေးခဲ့တာပဲ စိတ်ချပါ'

ကိုခင်မောင်သည် ဦးကြယ်နီအား အားကိုးအားထားနှင့် ကြည့် လိုက်လေသည်။ ဘေးမှအတူပါလာသော ဖိုးပါကလေးကမူ သူတို့ပြောနေ ကြသော စကားများကို နားထောင်ရင်း ဘေးပတ်ဝန်းကျင်ကို အကဲခတ် သလို ကြည့်လိုက်မိသည်။ အတွင်းခန်းတွင် ညိုးငယ်စွာထိုင်နေရှာသော အသက်ကို လှမ်း၍မြင်လိုက်မိသည်။ အသက်ကမူ အပြင်ဘက် ဧည့်သည် များကို သတိမထားနိုင်၊ သူ့အတွေးနှင့်သူသာ တစ်ယောက်တည်း ဆွေးနေမိ ရှာသည်။ ကိုခင်မောင်သည် အတွင်းခန်းမှ အသက်ကို တစ်ချက်မျှကြည့် လိုက်ပြီးလျှင် ဣန္ဒြေဆည်၍ နေလိုက်ရသည်။

'ကျွန်တော်တော့ ကိုယ်ကလည်း ဂရုမစိုက်နိုင်တဲ့အတူတူ ဒီလယ် တွေ မြေတွေ ရသမျှနဲ့ အားလုံးရောင်းပစ်မယ်လို့တောင် စိတ်ကူးမိသေး တယ်၊

'ဒါပေမဲ့ ဈေးကလည်း သိပ်ရမှာ မဟုတ်တဲ့တူတူမို့ ဒီအတိုင်းပဲ ထားတော့မယ်လို့ စိတ်ကူးတယ်'

'ဘာလို့ ရောင်းရမှာလဲကွာ၊ မိဘလက်ငုတ်လက်ရင်းဆိုတာ ထား ကောင်းပါတယ်။ ပြီးတော့ ဦးလည်း တတ်နိုင်သမျှ အားလုံးလုပ်ပေးမှာပဲ ကွာ။ မင်းတို့ ဒုက္ခခံစရာမလိုပါဘူး။ ကဲ...အေးအေးဆေးဆေးနေကြ။ သမီး ရေ ဒီမှာ နင့်အစ်ကိုများလာတယ်။ ထမင်းလေး ဘာလေး ပြင်နှင့်ပါ'

အသက်သည် အပြင်သို့ စိတ်မပါတပါနှင့် ထွက်၍လာသည်။ သူ့မျက်နှာမှာလည်း နေလောင်ပန်းကဲ့သို့ နွမ်း၍နေရှာသည်။ ကိုခင်မောင်

mgyoe.com

mgyoe.com


သည် အသက်ကို လှမ်း၍ကြည့်လိုက်ရင်း အလိုလို သနားစိတ်များပင် ပိုလာမိသည်။ ဖိုးပါလေးက သူ့အား လက်ကုတ်လိုက်သဖြင့် ဦးကြယ်နီရှေ့တွင် မျက်နှာပြန်၍ လွဲထားလိုက်ရလေသည်။ ဦးကြယ်နီသည် ကိုခင်မောင်အား ခပ်ပြုံးပြုံး ကြည့်လိုက်ရင်း…

'ဒါ ဦးသမီး အသက်ဆိုတာပေါ့။ ဟောဒါက ဦးတုတ်ကြီးရဲ့မြေး မောင်ခင်မောင်လေ။ ဟိုဘက်က မောင်ပါလေး။ ကဲ…သူတို့ ခရီးပန်းလာပါလိမ့်မယ်။ ရေချိုးချင်ချိုးဖို့ သမီးက လုပ်ပေးလိုက်ပါ။ ထမင်းလည်း ထပ်ချက်ပါဦး'

'နေပါစေ ဦးရယ်။ ကျွန်တော်တို့ အပြင်ဘက် သွားပြီးစားပါ့မယ်။ အချိန်လည်းမရှိပါဘူး အားနာစရာကြီး'

အသက်သည် ခပ်နွဲ့နွဲ့ကလေးပြုံးရင်း ဦးကြယ်နီ၏ဘေးတွင် ကျုံ့ကျုံ့ကလေး ဝင်၍ထိုင်လိုက်ရှာသည်။

'အားနာစရာ မရှိပါဘူးရှင်၊ အားလုံး ချက်ထားပြီးသားပါ။ ရေချိုးမယ်ဆိုရင် အသက် သွားပြီးပြင်လိုက်မယ်နော်'

'နေပါစေခင်ဗျာ၊ ကျွန်တော်တို့ မချိုးပါဘူး'

ကိုခင်မောင်သည် အသက်ကို တစေ့တစောင်းကြည့်ရင်း တောင်းပန်လိုက်ရသည်။ အသက်၏ ယဉ်ကျေးသိမ်မွေ့ပုံကလေးများက ကိုခင်မောင်၏ စိတ်ကို ညှတ်နူးစေသည်။ ကိုခင်မောင်လို လူပျိုကြီးမျိုးမှာ မိန်းကလေးများနှင့် တစ်ခါမှ နီးနီးစပ်စပ် တွေ့ဖူးခြင်း မရှိခဲ့ပေ။ ရန်ကုန်တွင် မြင်တွေ့နေရသော မိန်းကလေးအချို့မှာ သူ့မျက်စိထဲတွင် မတွေ့ခဲ့ပေ။ အသက်လို ရိုးသားသိမ်မွေ့သည့် မိန်းကလေးမျိုးမှာ သူ့အဖို့ တွေ့ခဲလှသည်။ ထို့ကြောင့်လည်း အသက်ကိုတွေ့လျှင်တွေ့ချင်းပင် သနားကြင်နာသည့်စိတ်များ ယိုဖိတ်ခဲ့မိသည်။

ဦးကြယ်နီက သူ့ရောင်းရေးဝယ်ရေးအကြောင်းများ၊ ရှေးဖြစ်နောက်ဖြစ်များအကြောင်း၊ သူ့အဖေရှိစဉ်က လုပ်ခဲ့ကိုင်ပုံများ အကြောင်းကို ပြောရင်း ဧည့်ခံနေသည်။ ကိုခင်မောင်ကမူ ဦးကြယ်နီပြောသော စကားများကို အလိုက်သင့် နားထောင်နေရသော်လည်း သူ့စိတ်ထဲတွင် အသက်ကိုသာ စိတ်ဝင်စား

mgyoe.com

mgyoe.com


နေမိသည်။ အသက်က အိမ်တွင်းသို့ ဝင်သွားသည်တိုင်အောင် သူ့မျက်စိထဲတွင် အသက်၏ သနားစဖွယ် မျက်နှာကလေးကိုသာ မြင်ယောင်နေမိသည်။ ပြီးတော့လည်း လူပျိုကြီးပီပီ စိတ်ကူးယဉ်လိုက်မိသည်။

ကိုခင်မောင်၏ အကဲကို ဘာမျှ မရိပ်မိရှာသော ဦးကြယ်နီကမူ သူပြောချင်ရာကိုသာ စွပ်၍ပြောနေသည်။ အနားမှ ဖိုးပါလေးက ကိုခင်မောင်၏ကိုယ်စား ဦးကြယ်နီစကားများကို စိတ်ဝင်စားဟန်ဖြင့် နားထောင်၍ နေရရှာသည်။

* * *

mgyoe.com